မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၅ ခုနှစ်၊ ဧပြီ ၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၈၅)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အလေးအနက်ထားကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးသည် အဓိကကျသည့် လိုအပ်ချက်ဖြစ်ကြောင်း၊ နိုင်ငံတော်ကြီး တစည်းတလုံးတည်းရှိမှသာ အေးချမ်းတည်ငြိမ်မှုများ ဖြစ်ထွန်းလာမှာဖြစ်ကြောင်း၊ အေးချမ်းတည်ငြိမ်မှုရှိမှသာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးအနက်ထားကြိုးပမ်းဆောင်ရွက်။

တည်ငြိမ်အေးချမ်းမှုအကျိုးရလဒ် တိုင်းရင်းသားပြည်သူအားလုံး လက်တွေ့ခံစားနေရပြီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေး မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ထား

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အတိုင်း အစိုးရနှင့်ပြည်သူ လက်တွဲဆောင်ရွက်ခဲ့ စည်းလုံးညီညွတ်ခြင်းဖြင့် စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးကြိုးပမ်း

ရန်ကုန် ဧပြီ ၂

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁ ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ *စာမျက်နှာ ၈ ကော်လံ ၁* ✡

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရင်းငြိမ် ပင်မရေထိန်းတံခါးနှင့် ရေထုတ်မြောင်း တည်ဆောက်ရေးလုပ်ငန်းခွင် လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဧပြီလ ၃ ရက်)

စီမံကိန်းလုပ်ငန်းများ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ပြည်သူနှင့်တပ်မတော် လက်တွဲပူးပေါင်းဆောင်ရွက်

မျက်မှောက်ကာလသည် နိုင်ငံတော်ကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍများ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်မြှင့် တည်ဆောက်နေသည့် အချိန်အခါဖြစ်သည်။ ယင်းသို့ တည်ဆောက်ရာတွင် တစ်မျိုးသားလုံး ပေါင်းစည်းညီညွတ်မှုအားဖြင့် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိစေရန် အမျိုးသားရေးတာဝန်အဖြစ် ခံယူကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ ဖော်ဆောင်ရာတွင် အမျိုးသားရေးမူဝါဒ၊ အမျိုးသားရေးခံယူချက်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်နှင့်အညီ စနစ်တကျဖြည့်ဆည်း အကောင်အထည်ဖော်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်ကြီးတစ်ရပ်လုံး ကွက်ပြည့်ဖွံ့ဖြိုးရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြို နိမ့်မြင့် ကွာဟမှုများ လျော့နည်းကျဆင်းပြီး နိုင်ငံတော်ကြီး၏ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း မျှတစွာ ဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု သတ်မှတ်၍ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။ တစ်ချိန်တည်းမှာပင် အတိတ်က ခေတ်နောက်ကျ ကျန်ရစ်ခဲ့ရသော နယ်စပ်ဒေသများအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေး အထူးစီမံကိန်းများချမှတ်ကာ အလေးပေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အထူးစီမံကိန်းများနှင့် ချိတ်ဆက်၍ နိုင်ငံတော်၏ လူဦးရေ ၇၀ရာခိုင်နှုန်းခန့် နေထိုင်လျက်ရှိသည့် ကျေးလက်ဒေသများပါ ဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးလက်ဒေသနေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကိုလည်း စနစ်တကျချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။

ဒေသအလိုက် ဖွံ့ဖြိုးရေးစီမံချက်များချမှတ်ပြီး ဦးတည်ချက်ရှိရှိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သဖြင့် ယနေ့နိုင်ငံတော်တစ်ဝန်း ကဏ္ဍအားလုံး၌ တိုးတက်အောင်မြင်မှုများကို မြင်တွေ့နေရပြီ ဖြစ်သည်။ စီမံကိန်းများကို ဆောင်ရွက်ရာတွင် ဌာနတစ်ခုနှင့်တစ်ခု အပြန်အလှန်နားလည်မှု၊ သည်းခံစိတ်ရှည်မှုဖြင့် နယ်မြေခံအုပ်ချုပ်ရေး အဖွဲ့များ၊ တပ်မတော်သားများနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ စီမံကိန်းလုပ်ငန်းများကို ယင်းကဲ့သို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်း ဖြစ်ပေသည်။

ယခုကဲ့သို့ အောင်မြင်ဖြစ်ထွန်းလာသည့် တန်ဖိုးမဖြတ်နိုင်သော ဒေသအကျိုးပြု၊ နိုင်ငံတော်အကျိုးပြု စီမံကိန်းများကို နိုင်ငံသားကောင်း ပီသစွာဖြင့် တိုင်းရင်းသားပြည်သူအားလုံးက ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရက ကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်မျှော်မှန်းချက်များဖြင့် အနှစ်(၃၀) နှစ်ရှည်စီမံကိန်းတစ်ရပ်ကို ကာလတို ငါးနှစ်စီမံကိန်းများ ခွဲခြား၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စီမံကိန်းကာလအလိုက် ရည်မှန်းချက်များကို ပြည့်မီကျော်လွန်အောင် ဖော်ဆောင်နိုင်သည်နှင့်အမျှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။

ယင်းကဲ့သို့ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဖိဖိစီးစီး ကြိုးပမ်းလုပ်ကိုင် ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်တစ်ရပ်လုံး တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားပြည်သူအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲပါဝင်ကြ၍ ဖြစ်ပေသည်။

သို့ဖြစ်ရာ ပြည်သူနှင့်တပ်မတော် တက်ညီလက်ညီ ပူးပေါင်းလက်တွဲ၍ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေး လုပ်ငန်းများအပါအဝင် နိုင်ငံတော်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့အဓိဋ္ဌာန်

"နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အသက်စွန့်မည့် မျိုးချစ်မြန်မာ့တပ်မတော်သည် အဖျက်ရန်စွယ်အန္တရာယ် မှန်သမျှကို ပြည်သူလူထုနှင့်အတူ လက်တွဲ ချေမှုန်းပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အရောက် ချီတက်မည်ဟု အဓိဋ္ဌာန်ပြုပါ၏။"

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

မြဝတီရုပ်မြင်သံကြား

၃-၄-၂၀၀၅(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာသကြီန်
၈း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၈။ ဆရာတော် ဦးဃောသိတ တရားတော် **"ပဋိကမင်္ဂနှင့် အဋ္ဌဂီကမင်္ဂ"**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ **"မမှောင်သောအလင်း"** (အပိုင်း-၁၂)
၄း၅၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၈။ နိုင်ငံတကာသတင်း
၆း၂၀ ၉။ မိုးလေဝသသတင်း
၆း၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၁။ လျှပ်တစ်ပြက်
၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမြွာနဲ့ ကြမ္မာ"**(အပိုင်း-၈)
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ ပဟေဠိနန်းတော်
၁၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၇။ English Premier League ဘောလုံးပွဲ West Bromwish Vs Everton.

ငွေရတုကျောင်းတော်ဆောက်လုပ်ရေးငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်းမကြီး အမှတ်(၆)ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ (၂၅)နှစ်ပြည့် ငွေရတုကျောင်းတော် ဆောက်လုပ်လျက်ရှိရာ မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံ ယမုံနာဓာတ်ပုံတိုက်မှ ဦးအေးကို-ဒေါ်ရွှေမြင့် မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ မန္တလေးမြို့ ၈၄လမ်း ၃၆လမ်းထောင့် အမှတ် ၃၁၇ နေ ဒေါ်စန်း မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ပုဇွန်တောင်မြို့နယ် ပုဇွန်တောင်ဥယျာဉ်အိမ်ရာ ၃/၃၀၆ နေ ဒေါ်တင်တင်မြင့်၊ (တူ) ကိုမြင့်သန်းထွန်း၊ ကိုသန်းထွန်းနိုင်တို့က ငွေကျပ် ၁၀၀၀၀၀၊ လှိုင်မြို့နယ် ၇ရပ်ကွက် ပဏ္ဍိတလမ်း အမှတ် ၁၉- စီနေ ဖခင် ဦးသန်းမောင်အား ရည်စူး၍ မိခင်ဒေါ်ရွှေလွင် အမှူးထားပြီး သား ကိုဇော်နိုင်ထွန်း-မဌေးဌေးညို၊ ကိုတင်ထွန်း၊ မချိုချိုအောင်၊ မတင်တင်ဝင်း၊ ကိုထွန်းကြည်၊ ကိုစိုးမြင့်၊ ဒေါ်အေးအေးခိုင်တို့က ငွေကျပ် ၁၀၀၀၀၀၊ ပန်းဘဲတန်းမြို့နယ် ၃၁ လမ်း အမှတ် ၁၂၁နေ ဦးရီလွင်-ဒေါ်ခင်စန်းအေး၊ မြေးဦး နှင်းယုယုလွင် (လွင်ပုံနှိပ်တိုက်)မိသားစုက ငွေကျပ် ၁၀၀၀၀၀ နှင့် ညောင်ကန်အေး လောကချမ်းသာ ပရဟိတကျောင်းအတွက် ကမာရွတ်မြို့နယ် မြကန်သာ ပြည်လမ်း အမှတ် ၆၆၁ နေ ဦးထွန်းလွင်-ဒေါ်ခင်သွယ်အေး၊ သား ဒေါက်တာ မျိုးမြတ်လွင်၊သမီး ဒေါ်ရီရီအောင်၊ မြေးထွန်းအေးလွင် မိသားစုက နှစ်ဖက်သောမိဘများ အမှူးထား၍ ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

ပုဇွန်တောင်မြို့နယ် အမက (၇)တွင် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို မတ် ၁၁ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းက ကျောင်းသား မောင်ဟိန်းဇော်လတ်အား သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။ (၃၅၂)

အမှာစကား ပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် နွေစပါးစံကွက် ရိတ်သိမ်းပွဲနှင့်စပါးပန်းတိုင် အထွက်နှုန်း အထူးဇုန်နည်းပညာလက်တွေ့ပြသပွဲသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။ (ရန်ကုန်တိုင်း)

● ကျောဖုံးမှ

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နွေစပါးပန်းတိုင်အထွက်နှုန်း အထူးဇုန်ကေ၁၀၀၀အတွင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းကွင်းအရောက် စိုက်ပျိုးပညာပေးစခန်းတွင် ပြသထားသည့် စပါးပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်ရေးအတွက် စိုက်ပျိုးနည်းပညာများပြသထားရှိမှု၊ တစ်နှံမှ တစ်ကွင်းတစ်ကွင်းမှ တစ်နိုင်ငံ ခေါင်နှံမျိုးဖြင့် တစ်ပိုင်တစ်နိုင် မျိုးပွားဆောင်ရွက်သည့် နည်းစနစ်အရ မနောသုခ၊ ဆင်းသွယ်လတ်၊ ဧည့်မထလတ်၊ ရေဆင်း(၃)၊ ရွှေနံ့သာ(၉)စသည့် ပန်းတိုင်အထွက်နှုန်းစပါးမျိုးများအား ခေါင်နှံမျိုးထား ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်ဆန်းက ရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် နွေစပါးပန်းတိုင်အထွက်နှုန်း ဧက ၁၀၀၀ အတွင်း စပါးအထွက်နှုန်း မိတ်ဖက်အချက်များဖြစ်သည့် တစ်ဧကရှိရမည့် အနှံအရေအတွက်၊ တစ်နှံတွင်ရှိရမည့် အောင်စေ့အရေအတွက်များကို သတ်မှတ်အရည်အချင်းပြည့်ဝအောင် ဆောင်ရွက်ပြီး အထွက်နှုန်း တင်း ၁၅၀ ထွက်ရှိစေရေး မျှော်မှန်းစိုက်ပျိုးထားသည့် ဆင်းသွယ်လတ်၊ ဧည့်မထစော၊ မော်ဘီ (၃)၊ ရေဆင်း(၂) စပါးစိုက်ခင်းများ၏ အောင်မြင် ဖြစ်ထွန်းနေမှုများကို လည်းကောင်း၊ မနောထွန်းစပါးမျိုးအား ပျိုးသက်ငယ်၊ ကောက်ကွက် စိပ်စိပ်ဖြင့် မျိုးပွားစမ်းသပ်စိုက်ပျိုးထားသော စပါးခင်းမှ တစ်ဧက တင်း ၁၀၀ ကျော် ထွက်ရှိနိုင်မှု အခြေအနေကိုလည်းကောင်း၊ အထွက်ကောင်းမျိုး(R)လိုင်း စပါးမျိုးအား တစ်ဧက တင်း ၁၅၀ကျော် ထွက်ရှိအောင် အထွက်နှုန်း

တစ်ဦးချင်းလူနေမှုဘဝမြင့်မားရေးကြိုးပမ်း

- ● စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးရေးကဏ္ဍမြင့်မားရေးနှင့် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ရေးသည် လွန်စွာအရေးကြီး။
- ● နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ မြင့်မားတိုးတက်စေရေးအတွက် ဆည်၊ တမံအစုအဖွဲ့ကြီးများ၊ မြစ်ရေတင် စီမံကိန်းကြီးများဖြင့် အခြေခံကောင်းများ ဖန်တီးပေးလျက်ရှိရာ ဒေသခံတောင်သူများအနေဖြင့် ပန်းတိုင် အထွက်နှုန်းရရှိရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေး လုံ့လဝီရိယစိုက်ထုတ်။
- ● စပါးစိုက်ပျိုးပြီးရုံနှင့် မပြီးသေးဘဲ မိမိတို့စိုက်ပျိုးထားသည့် စပါးများ အထွက်နှုန်းကောင်းမွန်စေရေးအတွက် ပိုးမကျအောင် ဂရုတစိုက် အလေးထားကာကွယ်။
- ● မိမိတို့နိုင်ငံသည် သဘာဝမြေဆီမြေသြဇာကောင်းမွန်သည့် နိုင်ငံဖြစ်ရာရှိပြီးသား မြေဆီမြေသြဇာ အခြေခံကောင်းများကို တန်ဖိုးရှိစွာအသုံးချပြီး မိမိတို့၏ တစ်ဦးချင်းလူနေမှုဘဝ မြင့်မားရေး ကြိုးပမ်း။

မိတ်ဖက်များကို သတ်မှတ်ချက် စွမ်းရည် အပြည့်အဝရရှိစေရေး စမ်းသပ်ဆောင်ရွက်ထားသည့် အခြေအနေကို လည်းကောင်း ကြည့်ရှု စစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်း၊ အထွေထွေ မန်နေဂျာ ဒေါက်တာ မင်းအောင်တို့က အသေးစိတ် လိုက်လံရှင်းလင်း ပြသကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် လယ်သမားကြီး ဦးအောင်စိုး၏ ဧည့်မထစော စပါးစိုက်ခင်းအား CG-310 ဘက်စုံသုံး ကြိုးလွယ်လက်ကိုင်စပါး ရိတ်သိမ်းစက်ဖြင့် ရိတ်သိမ်းပြီး စပါးခြွေလှေ့စက်ဖြင့် ခြွေလှေ့ ပြသမှုနှင့် တစ်ဧက ၁၂၈ တင်း ပျမ်းမျှထွက်ရှိသည့် နွေစပါး စံကွက်ရိတ်သိမ်းပြသမှုများကိုကြည့်ရှုအားပေးကြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အထူးဇုန်အတွင်းရှိ ယာယီမဏ္ဍပ်၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံ၍ စက်မှုလက်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်း၊ စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် အားလျော်စွာ စိုက်ပျိုးရေးကဏ္ဍမြင့်မားရေးနှင့် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ရေးသည် လွန်စွာအရေးကြီးကြောင်း၊ နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍမြင့်မားတိုးတက်စေရေးအတွက် ဆည်၊ တမံ အစုအဖွဲ့ကြီးများ၊ မြစ်ရေတင်စီမံကိန်းကြီးများဖြင့် အခြေခံကောင်းများ ဖန်တီးပေးလျက်ရှိရာ ဒေသခံ တောင်သူများ အနေဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေး လုံ့လဝီရိယ စိုက်ထုတ် ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း။

စပါးအထွက်နှုန်း တိုးတက်ပြီး ပြည်တွင်းဝမ်းစာဖူလုံရုံသာမက ပိုလျှံ၍ ပြည်ပသို့တင်ပို့နိုင်ရေးအတွက် အထွက်ကောင်း စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ရေတော်မိုးတော်စိုက်ပျိုးကြရေး၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာရောစပ်သုံးစွဲကြရေးပညာပေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

စပါးစိုက်ပျိုးပြီးရုံနှင့် မပြီးသေးဘဲ မိမိတို့စိုက်ပျိုးထားသည့် စပါးများ အထွက်နှုန်းကောင်းမွန်စေရေးအတွက် ပိုးမကျအောင် ဂရုတစိုက်အလေးထားကာကွယ်ကြစေလိုကြောင်း၊ မိမိတို့နိုင်ငံသည် သဘာဝမြေဆီ မြေသြဇာကောင်းမွန်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ ရှိပြီးသား မြေဆီမြေသြဇာ အခြေခံကောင်းများကို တန်ဖိုးရှိစွာအသုံးချပြီး မိမိတို့၏ တစ်ဦးချင်းလူနေမှုဘဝ မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းနှင့် ဒေသခံပြည်သူတို့၏ တစ်ဦးချင်းလူနေမှုဘဝ မြင့်မားလာခြင်းဖြင့် အနာဂတ် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာစေရေးအတွက် အထောက်အပံ့ဖြစ်စေမည် ဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တည်ဆောက်ဆဲ ပွန်ချောင်း–ကောင်ဆိုင်းရထားလမ်းပိုင်း အချိန်အဟုန်မြှင့်ဆောင်ရွက်ရန် ဒုတိယဝန်ကြီးဦးဖေသန်း မှာကြား

ရန်ကုန် ဧပြီ ၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် မတ် ၃၀ ရက်တွင် တောင်ကြီးမြို့၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနလုပ်ငန်းများမှ အရာထမ်းများအားတွေ့ဆုံ၍ ၂၀၀၅–၂၀၀၆ ဘဏ္ဍာနှစ်အတွင်း ဝန်ကြီးဌာနက ဆောင်ရွက်မည့်လုပ်ငန်း၊ စီမံကိန်းများနှင့်ပတ်သက်၍ လျာထားချက်များပြည့်မီအောင် ဆောင်ရွက်ရေးတို့အတွက် မှာကြားသည်။

ထို့နောက် တောင်ကြီးမြို့မှတစ်ဆင့် ပွန်ချောင်းတံတားသို့ ဆက်လက်ထွက်ခွာပြီး လမ်းခရီးတွင် ဆိုက်ခေါင်–ပွန်ချောင်း ရထားလမ်းပိုင်းရှိ တည်ဆောက်ပြီး ဘူတာများ၊ ရထားလမ်းနှင့် တံတားများကို ကြည့်ရှုစစ်ဆေးကာ လမ်းနှင့် တံတားများ ကြံ့ခိုင်ရေး၊ ဝန်ထမ်းများ သက်သာချောင်ချိရေးကိစ္စရပ်များ မှာကြားဖြည့်ဆည်းပေးသည်။

ညှိနှိုင်းပေါင်းစပ်

ဒုတိယဝန်ကြီးသည် မတ် ၃၁ရက်တွင် မြန်မာ့မီးရထားမှ တာဝန်ရှိသူများလိုက်ပါလျက် ပွန်ချောင်း–ဘန်းကျောက်–တောင်ကိုင်း–ထိပင်– နမ့်မဟိတ်–ကောင်ဆိုင်း ရထားလမ်းပိုင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ဒုတိယဝန်ကြီးက ရထားလမ်းပိုင်းကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်ရေးအတွက် သက်ဆိုင်ရာဝန်ထမ်းများအား ရှင်းလင်းမှာကြားကာ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးသည်။

ဒုတိယဝန်ကြီးသည် ထိုနေ့ညပိုင်းတွင် တည်ဆောက်ဆဲ ပွန်ချောင်း–ကောင်ဆိုင်း ရထားလမ်းပိုင်းကို အချိန်အဟုန် မြှင့်တင်ဆောင်ရွက်ရန်အတွက် မြန်မာ့မီးရထားမှ စီမံကိန်းဒါရိုက်တာနှင့်အတူ တာဝန်ရှိသူများအားတွေ့ဆုံပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးသည်။

မှာကြား

ဒုတိယဝန်ကြီးသည် ဧပြီ ၁ ရက်တွင် ပွန်ချောင်းတံတားမှတစ်ဆင့် တောင်ကြီးမြို့သို့ထွက်ခွာပြီး တောင်ကြီးမြို့၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တိုင်းအရာရှိများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘင်္ဂလားဒေ့ရှ်နှင့်ပါကစ္စတန်နှစ်နိုင်ငံတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးရန်တိုက်တွန်း

ဒါကာ မတ် ၃၁

ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်နှစ်နိုင်ငံတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့တွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ကြရေးအတွက် လွတ်လပ်သောကုန်သွယ်ရေးသဘောတူချက်(အက်ဖ်တီအေ)တွင် လက်မှတ်ရေးထိုးကြရန် နှစ်ဦးနှစ်ဖက်အစိုးရများအား ကရာချိကိုယ်စားလှယ်အဖွဲ့က အင်္ဂါနေ့တွင် တိုက်တွန်းလိုက်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ အင်္ဂါနေ့က အလည်အပတ်ရောက်ရှိလာသော ကရာချိကိုယ်စားလှယ်အဖွဲ့က ပြောကြားရာတွင် အက်ဖ်တီအေကို လက်မှတ်ရေးထိုးလိုက်ခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်တွင် ဈေးကွက်ဝေစုများ ပါကစ္စတန်က ရရှိရန် အထောက်အကူပေးနိုင်သလို အထည်အလိပ် ပို့ကုန်များအပေါ်တွင်လည်း အထူးလုပ်ကိုင်ခွင့်များလည်း ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်ဟု သည်နယူးအေ့ဂ်သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြထားသည်။

တိုက်တွန်း

ပါကစ္စတန် လေ့လာရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ခါလစ်ဖီရို့ဇ်က နှစ်နိုင်ငံအစိုးရများအနေဖြင့် အက်ဖ်တီအေတွင် လက်မှတ်ရေးထိုးမှုကို နှောင့်နှေးအောင် မပြုလုပ်သင့်ကြောင်း တိုက်တွန်းပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် စီးပွားရေးလုပ်ငန်းရှင်များကလည်း ပါကစ္စတန်နိုင်ငံတွင် ဈေးကွက်ချဲ့ထွင်မှုနှင့် လေ့လာစူးစမ်းလိုမှုများ တက်တက်ကြွကြွရှိနေကြောင်းလည်း မစ္စတာခါလစ်ဖီရို့ဇ်က ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ပါကစ္စတန်နိုင်ငံတွင် အကြီးမားဆုံးစီးပွားရေး အဖွဲ့အစည်းတစ်ခု၏ ဥက္ကဋ္ဌလည်းဖြစ်သည့် ခါလစ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရှစ်ရက်ကြာ အလည်အပတ်ခရီးစဉ်အတွင်း စက်မှုလုပ်ငန်းကဏ္ဍများနှင့် ယင်းနယ်ပယ်များတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ အဆောက်အအုံ တစ်ခုပေါ်သို့ အလုပ်သမားများ ကြိုးဆိုင်းများဖြင့် တက်ရောက်ကာ လုပ်ငန်းများ ဆောင်ရွက်နေကြသည်ကို မတ် ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် လာအိုနှင့်စင်ကာပူ သဘောတူညီ

ဟန္နိုင်း မတ် ၃၁

လာအိုနှင့် စင်ကာပူနိုင်ငံတို့သည် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်ရေးတို့ အပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း လာအိုသတင်းရပ်ကွက်က ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

လာအိုဝန်ကြီးချုပ် ဘောင်ညံဗိုရာချစ်နှင့် စင်ကာပူဝန်ကြီးချုပ် လီရှန်းလုံးတို့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တော်၌ မတ်၂၉ရက်က တွေ့ဆုံဆွေးနွေးအပြီး ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြသည်။

ယင်းတို့နှစ်ဦးသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို အဆင့်မြင့်မားစွာ တန်ဖိုးထားပြီး နယ်ပယ်ကဏ္ဍများစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်မြင့်အဆင့်နှင့် နည်းပညာကိုယ်စားလှယ်များ အပြန်အလှန်ဖလှယ်ကြရေး သဘောတူညီခဲ့ကြသည်။

ပေးအပ်

စင်ကာပူနိုင်ငံက လာအို လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပေးလျက်ရှိရာ ယနေ့အထိ လာအိုတာဝန်ရှိ ဝန်ထမ်း ၂၇၀၀ ကို သင်တန်းများပေးအပ်ခဲ့ပြီးဖြစ်သည်။

သွားရောက်လေ့လာ

လီရှန်းလုံးသည် မတ်လ၂၉ရက်က လာအိုနိုင်ငံသို့ နှစ်ရက်ကြာခရီးစဉ်အဖြစ် ဗီယင်ကျန်းသို့ရောက်ရှိခဲ့ရာ လာအိုသမ္မတ ခန်တေးဆီဖန်ဒုံနှင့်လည်း တွေ့ဆုံခဲ့ပြီး မြို့တော်ရှိ လူမှုစီးပွားရေးဒေသများသို့ သွားရောက်လေ့လာခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အပြန်အလှန် ယဉ်ကျေးမှုဖလှယ်ရေး သဘောတူညီချက် နီပေါနှင့်တောင်ကိုရီးယား နှစ်နိုင်ငံ လက်မှတ်ရေးထိုး

ခတ္တမန္ဒူ မတ် ၃၁

နီပေါနှင့် တောင်ကိုရီးယားအစိုးရများသည် အပြန်အလှန် ယဉ်ကျေးမှုဖလှယ်ရေးအတွက် သဘောတူညီချက်ကို ဗုဒ္ဓဟူးနေ့က ခတ္တမန္ဒူမြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

နီပေါနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံ၏ယဉ်ကျေးမှုဖလှယ်ရေးစာချုပ်ချုပ်ဆိုသည့်ကိုးနိုင်ငံမြောက်နိုင်ငံဖြစ်သည်။

သဘောတူညီချက်သည်လက်မှတ်ရေးထိုးပြီး တစ်လအကြာ အကျိုးသက်ရောက်စေမည်ဖြစ်ပြီး ငါးနှစ်တစ်ကြိမ်ပြန်လည်စိစစ်မည်ဖြစ်ကြောင်း နီပေါယဉ်ကျေးမှုခရီးသွားနှင့် မြို့ပြဝန်ကြီးဌာနက ကြေညာချက် တစ်ရပ် ထုတ်ပြန်သည်။

ဆောင်ရွက်ကြ

သဘောတူညီချက်အရ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များ အပြန်အလှန်ဖလှယ်မည်ဖြစ်သကဲ့သို့ ယဉ်ကျေးမှု၊ အနုပညာ၊ ပညာရေး၊ လူငယ်၊ အားကစားနှင့် ခရီးသွားကဲ့သို့သော ကိစ္စရပ်များ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ အဆိုပါနှစ်နိုင်ငံသည် သဘောတူညီမှု၏ အကြောင်းအရာများမှ သီးခြား အစီအစဉ်အဖြစ် အစိုးရနှင့် အစိုးရမဟုတ်သောနယ်ပယ်များမှ ယဉ်ကျေးမှု၊ အနုပညာ၊ အားကစားနှင့် ခရီးသွားကဏ္ဍများဖွံ့ဖြိုးတိုးတက်ရန်လည်း ဆောင်ရွက်ကြမည်ဖြစ်သည်။

နှစ်စဉ်လာရောက်

လက်မှတ်ရေးထိုးပွဲတွင် နီပေါဆိုင်ရာ တောင်ကိုရီးယား သံအမတ်က နီပေါလူမျိုး ၆၀၀၀ခန့် တောင်ကိုရီးယားတွင် အလုပ် လုပ်နေချိန်တွင် တောင်ကိုရီးယားလူမျိုး ၁၅၀၀၀ခန့် နီပေါသို့ နှစ်စဉ်လာရောက်သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

ကင်းလှည့်ကန်တပ်ဖွဲ့ဝင် တိုက်ခိုက်ခံရမှုကြောင့်သေဆုံး

ဘဂ္ဂဒက် ဧပြီ ၂

ဘဂ္ဂဒက်မြို့တွင် အမေရိကန်ကင်းလှည့်တပ်ဖွဲ့ကို ခုခံတိုက်ခိုက်ရေးပြောက်ကျားတစ်ဦးက ဗုဒ္ဓဟူးနေ့၌ ပစ်ခတ်တိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ကြာသပတေးနေ့၌ ပြောကြားသည်။

ဘဂ္ဂဒက်အရှေ့ပိုင်း၌ မတ် ၃၀ ရက်တွင် ကင်းလှည့်စဉ် လက်နက်ငယ်များဖြင့် တိုက်ခိုက်ခံရသဖြင့် အဆိုပါတပ်ဖွဲ့ဝင်သည် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်ကြေညာချက်၌ ဖော်ပြထားသည်။

ထို့ပြင် တီကရစ်အရှေ့ဘက်ရှိ တို့ဇ်တွင် ကြာသပတေးနေ့နံနက်ပိုင်း၌ ကားဗုံးတစ်လုံးပေါက်ကွဲခဲ့သဖြင့် အီရတ်သုံးဦး သေဆုံးပြီး ၁၉ ဦး ဒဏ်ရာရကြောင်းလည်း အမေရိကန်စစ်ဘက်ကြေညာချက်၌ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ မီးရထားလမ်း ဥမင်လိုဏ်ခေါင်းတစ်ခု အတွင်း၌ အိန္ဒိယအလုပ်သမားများ ကေဘယ်ကြိုးများသွယ်တန်းနေသည်ကို မတ် ၃၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လျှောင်ဒဏ်ခံရသော အင်ဒိုနီးရှားပြည်သူများထံ အရေးပေါ်အကူအညီများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ

စီဘိုလ်ဂါ(အင်ဒိုနီးရှား) ဧပြီ ၂

အင်ဒိုနီးရှားနိုင်ငံ၏ စုမားတြားကျွန်းတွင် ငလျင်ကြီးလှုပ်ခဲ့ပြီးနောက် သုံးရက်အကြာ၌ စီဘိုလ်ဂါရှိ ဒေသအုပ်ချုပ်ရေးအဖွဲ့နှင့် ပြည်သူများသည် ဘေးအန္တရာယ်ကို နိုင်နင်းစွာဖြေရှင်းရန် အားဖြည့်ဆောင်ရွက်ခဲ့ကြသည်။

အမြန်တင်ဆောင်

အင်ဒိုနီးရှား ရေတပ်သင်္ဘောသုံးစင်းကို နီအယ်စ်ကျွန်းသို့ ကုန်ပစ္စည်းများ အရေးပေါ်ပို့ရန် စည်းရုံးဆော်ဩထားပြီး သောကြာနေ့ညနေပိုင်း၌ ခရီးစတင်ရန်အတွက် နံနက်ပိုင်း၌ ကုန်ပစ္စည်းများကို အမြန်တင်ဆောင်လျက်ရှိသည်။

အပျက်အစီးများအောက်တွင် အသက်ရှင်ကျန်ရစ်သူ တစ်ဦးတစ်ယောက်မျှရှိနိုင်တော့မည် မဟုတ်သဖြင့် ထပ်ခါတလဲရှာဖွေမှုနှင့် ကယ်ဆယ်ရေးကြိုးပမ်းမှုများကို ဆက်လုပ်တော့မည်မဟုတ်ကြောင်း နီအယ်စ်ကျွန်းမှ ပေးပို့သည့် သတင်းအရ သိရသည်။

ပို့ပေးမည်

အင်ဒိုနီးရှားရေတပ်မှ စစ်သင်္ဘောများသည် သောက်ရေ၊ ဆေးဝါးနှင့်အခြားလိုအပ်သော ကုန်ပစ္စည်းများပါဝင်သည့် အခြေခံလိုအပ်သောပစ္စည်းများကို နီအယ်စ်ကျွန်းသို့ ပို့ပေးမည်ဖြစ်သည်။

အဆိုပါနေ့စဉ်လိုအပ်ချက်များကို အင်ဒိုနီးရှားရေတပ်သင်္ဘောများက ပို့ဆောင်ပေးမည့်ပြင် ဆောက်လုပ်ရေးစက်ပစ္စည်းများကိုပါ ပို့ပေးမည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂

ရန်ကုန်တွင် နေထိုင်ကြသော ဧရာဝတီတိုင်း ငါးသိုင်းချောင်း နယ်သူနယ်သားများစုပေါင်း၍ အသက်(၈၀)အထက် အဘိုးအဘွားများအား သက်ကြီးပူဇော်ပွဲကို ဧပြီ၃ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း ပညာရာမိက မဟာဘုန်းတော်ကြီးကျောင်းတိုက်၌ကျင်းပမည်ဖြစ်ရာ အပူဇော်ခံအဘိုးအဘွားများ စာရင်းနှင့် အလှူငွေများထည့်ဝင်လိုပါက ဦးထွန်းထွန်း ဖုန်း-၀၉-၅၁၁-၆၁၅၉၊ ဦးခင်မောင်လွင် ဖုန်း-၀၉-၉၉-၂၆၃၃၁နှင့် ဦးအောင်ကြည် ဖုန်း- ၃၈၃၉၀၈တို့သို့ ဆက်သွယ်၍ စာရင်းပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

✡ *ကျောဖုံးမှ*

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများနှင့် ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့ဥက္ကဋ္ဌ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ အတွင်းရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ညွှန်ကြားရေးမှူး (ထုတ်လုပ်)ဦးမြင့်သိန်းဖေနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်၊ အတွင်းရေးမှူး ဦးကျော်သူနှင့် အမှုဆောင်များ၊ ရုပ်ရှင်နှင့်ဗီဒီယို အနုပညာရှင်၊ အတတ်ပညာရှင်များ၊ လေ့လာသူများ၊ ပြင်ပပုဂ္ဂလိကစာနယ်ဇင်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး

ဖွင့်ပွဲအခမ်းအနား၌ ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဦးတည်ပြီး ခိုင်မာသော ဇာတ်လမ်း ဇာတ်ကွက် ဖန်တီးရေး၊ ဇာတ်လမ်းစိစစ်ရေး၊ ရုပ်ရှင်ရိုက်ကူးရေး စက်ကိရိယာများ၊ ရုပ်ရှင်အတတ်ပညာ၊ နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်ဆာကိစ္စအပါအဝင် ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားဆွေးနွေးကြရန်မှာကြားလိုကြောင်း။

ယနေ့ဆွေးနွေးပွဲသည် ရုပ်ရှင်လောကတွင်အဓိကကျသော ထုတ်လုပ်သူများ၊ ဒါရိုက်တာများ၊ ဇာတ်ညွှန်းရေးသားသူများနှင့်တာဝန်ရှိသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့ ပူးပေါင်းညှိနှိုင်းဆွေးနွေးခြင်းဖြစ်၍ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော ဆွေးနွေးပွဲဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကချမှတ်ထားသော မူဝါဒများနှင့်အညီဇာတ်လမ်း ဇာတ်ညွှန်း စိစစ်မှုများကို ဆွေးနွေးသကဲ့သို့ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုပါ ဆွေးနွေးညှိနှိုင်း အဖြေရှာကြရန် လိုအပ်ကြောင်း။

ယနေ့သည် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်မှုအတွက် အစပျိုးသောနေ့ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်သာမက ပြန်ကြားရေးဝန်ကြီးဌာနနှင့်ရုပ်ရှင်လောကသားများအတွက်ပါ မင်္ဂလာရှိပြီး အားတက်ဖွယ်ကောင်းသည့်နေ့ဖြစ်ပါကြောင်း၊ တာဝန်ရှိသူများ၊ ရုပ်ရှင်လောကသားများသာမက စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များပါ စုံစုံညီညီတက်ရောက်ကြပြီး ဆွေးနွေးမည့် အကြောင်းအရာများကိုပါ ပြည့်ပြည့်စုံစုံဖြင့် ကြိုတင်ပြင်ဆင်ထားကြသည်ကို သိရှိရသဖြင့် ဝမ်းသာကြောင်း၊ သို့သော်လည်း ယနေ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်မှုအတွက် အစသာဖြစ်သေးပြီး အဆုံးထိအောင် ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

လေ့လာသုံးသပ်

လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ၊ ဝိရောဓိများတွေ့ကြုံရမည်ဖြစ်သော်လည်း စိတ်ပျက်အားလျော့မှုမရှိဘဲ ပူးပေါင်းညှိနှိုင်းဆွေးနွေး အဖြေရှာကြပြီးအကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ ထိုသို့ညှိနှိုင်းဆွေးနွေးကြရာတွင် ယနေ့မြန်မာနိုင်ငံရုပ်ရှင်လောက၏ ပကတိအခြေအနေအမှန်ပေါ်တွင် အခြေခံပြီး ပြည်သူလူထုက ရုပ်ရှင်အနုပညာအပေါ် မည်သို့ခံစားမျှော်လင့်ကြသည်ကို လေ့လာသုံးသပ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်သူလူထုကို အနှစ်သာရရှိရှိဖျော်ဖြေမှုပေးနိုင်ရန်လိုသကဲ့သို့ တစ်ဖက်ကလည်း ပြည်ပမှ ရုပ်ရှင်ကားများ ထိုးဖောက်လာမှုကိုလျော့နည်းစေပြီး အရည်အသွေးအဆင့်အတန်း မြင့်မားသောမြန်မာ့ရုပ်ရှင်ဇာတ်ကားများပေါ်ထွက်ရေး ကြိုးပမ်းကြစေလိုကြောင်း၊ ပြည်ပဇာတ်ကားများ ထိုးဖောက်ဝင်ရောက်မှုများပြားသဖြင့် ငွေကြေးသုံးစွဲမှုနစ်နာသကဲ့သို့ မိမိတို့ယဉ်ကျေးမှုဓလေ့ထုံးစံများကိုပါ ထိခိုက်လာသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ဤအခြေအနေ အမှန်တွေအပေါ် သုံးသပ်ပြီး နိုင်ငံတော်အတွက်၊ ပြည်သူလူထုအတွက်၊ ရုပ်ရှင်လောကအတွက် အကောင်းဆုံးဖြစ်အောင် မည်သို့ဆက်လုပ်ကြမည်ဆိုသည်ကို ညှိနှိုင်းဆွေးနွေး အဖြေရှာကြရန် လိုအပ်ကြောင်း၊ မိမိအနေဖြင့် ရုပ်ရှင်လောကသားများနှင့်တွေ့တိုင်း ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်သုံးရပ်နှင့် လုပ်ဆောင်သင့်သည့် အချက် ၁၂ချက်ကိုဆွေးနွေးမှာကြားခဲ့ကြောင်း။

ပံ့ပိုးကူညီမည်

ယနေ့ ဆွေးနွေးကြမည့် အကြောင်းအရာများကို မိမိလေ့လာရာတွင် ယင်းအချက်များပါဝင်နေသည်ကို တွေ့ရကြောင်း၊ လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်ရာတွင် အချို့မှာ တစ်ခုပြီးမှတစ်ခု လုပ်ရမှာရှိသကဲ့သို့ အချို့မှာတစ်ပြိုင်တည်း လုပ်သင့်သည်များလည်း ရှိကြောင်း၊ ဆောင်ရွက်ကြရာတွင် အဓိကမှာ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်လောကသားများကိုယ်တိုင်က အဓိကကြိုးစားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာနအပိုင်းကလည်း တတ်နိုင်သမျှ ပံ့ပိုးကူညီသွားမှာဖြစ်ကြောင်း။

ဖွံ့ဖြိုးမည်ယုံကြည်

သို့သော်လည်း မိမိတို့လောက ဖွံ့ဖြိုးတိုးတက်ရန် မိမိတို့ဘာသာ အဓိက အားကိုးဆောင်ရွက်မည်ဆိုသည့် စိတ်ဓာတ်ရှိရန်လိုကြောင်း၊ ငွေကြေးနှင့် အတတ်ပညာပိုင်းများအရ မိမိတစ်ယောက်တည်း မတတ်နိုင်၊ မဆောင်ရွက်နိုင်ပါက ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းကို သုံးသင့်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးနှင့် ရုပ်ရှင်လောကသားများအကျိုးကို မျှမျှတတ၊ အတ္တပရ ညီမျှအောင် ဆောင်ရွက်ပြီး စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယထား၍ ကြိုးပမ်းဆောင်ရွက်မှု၊ စိတ်ရှည်သည်းခံ နားလည်ခွင့်လွှတ်မှုတို့ဖြင့် ဆောင်ရွက်သွားမည်ဆိုပါက ရုပ်ရှင်လောကကြီး ဖွံ့ဖြိုးတိုးတက်လာမည်ကို ယုံကြည်ကြောင်း။

နိဂုံးချုပ်အားဖြင့် ယနေ့ကျင်းပသည့် ရုပ်ရှင်လောက၏ အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်သူများနှင့် တာဝန်ရှိသူများ၏ ဆွေးနွေးပွဲကနေ ပူးပေါင်းညှိနှိုင်း ဆွေးနွေးအဖြေရှာကြပြီးရလာသည့် ဆွေးနွေးချက်၊ အကြံပြုချက်များအပေါ်တွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်နှင့် ဝန်ကြီးဌာနကလည်း ပံ့ပိုးကူညီစရာရှိသည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးက တက်ရောက်လာသော တာဝန်ရှိသူများနှင့် ရုပ်ရှင်လောကသားများအား ခင်မင်ရင်းနှီးစွာနှုတ်ဆက်သည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို နံနက် ၉နာရီခွဲတွင် စတင်ကျင်းပရာ သဘာပတိ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အဖွဲ့ဝင် ဒါရိုက်တာအလွှာမှ ဒါရိုက်တာတင်သန်းဦး၊ ဒါရိုက်တာပန်းချီစိုးမိုး၊ ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်)၊ဒါရိုက်တာဦးခင်ဇော်(ကေသီပန်)နှင့် ဒါရိုက်တာ မင်းသီဟတို့က လည်းကောင်း၊ ထုတ်လုပ်သူအလွှာမှဦးမောင်မောင်ဦး (စန္ဒီးပိုက်)က လည်းကောင်း၊ ဇာတ်ညွှန်းအလွှာမှ ကိုကိုလေးနှင့် ဦးအောင်စိုးဦးတို့က လည်းကောင်း မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားလာစေရေးအတွက် ဇာတ်လမ်းနှင့်ဆင်ဆာစိစစ်ခြင်းဆိုင်ရာ မူဝါဒများနှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ပြသနိုင်ရေး ကြိုးပမ်းဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးတင်ပြကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဗီဒီယိုဆင်ဆာအဖွဲ့ အတွင်းရေးမှူးမြန်မာ့ရုပ်ရှင်လုပ်ငန်း ညွှန်ကြားရေးမှူး (ပြသ) ဦးသိန်းထွန်းအောင်က ဗီဒီယိုလုပ်ငန်းမှ ဝင်ငွေနှင့် အမြတ်ငွေရရှိမှုအခြေအနေ၊ ဇာတ်လမ်း စိစစ်ခြင်းဆိုင်ရာ မူဝါဒများနှင့် ဆင်ဆာ စိစစ်ခြင်းဆိုင်ရာ မူဝါဒများအရ စစ်ဆေးခဲ့သော ဇာတ်ကားများနှင့် ခွင့်မပြုခဲ့သည့် ဇာတ်ကားများ၊ ဖြတ်တောက်ရသည့် အခန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဗီဒီယိုလောကအဆင့်အတန်း မြင့်မားလာစေရေးအတွက် ရိုက်ကူးထုတ်လုပ်သူများက ဆောင်ရွက်ပေးသင့်သည်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရုပ်ရှင်ဆင်ဆာအဖွဲ့ အတွင်းရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း ညွှန်ကြားရေးမှူး(ထုတ်လုပ်)ဦးမြင့်သိန်းဖေက ဇာတ်လမ်းစိစစ်ခြင်းဆိုင်ရာ မူဝါဒများ၊ ဆင်ဆာစိစစ်ခြင်းဆိုင်ရာ မူဝါဒများအရ ခွင့်မပြုခဲ့သည့် ရုပ်ရှင်ဇာတ်လမ်းများ၊ ဖြတ်တောက်ရသည့် အခန်းများကို ပရိုဂျက်တာဖြင့်ပြသ၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်များနှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များက မိမိတို့နှင့်သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဒုတိယဥက္ကဋ္ဌ (၁)ဦးကြီးမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြကာ အလုပ်ရုံဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ညနေပိုင်းတွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ အဖွဲ့ဝင် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး(အငြိမ်းစား) ဦးမောင်မောင်ခင်က ဆောင်ရွက်သည်။

ထို့နောက် ရုပ်ရှင်နှင့် ဗီဒီယို အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များက မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အကြံပြုညှိနှိုင်းဆွေးနွေးကြပြီး ဆက်လက်ဆောင်ရွက်ရမည့် အကြံပြုချက်များ ချမှတ်ကာ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညနေပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တီဘီရောဂါ ကာကွယ်နှိမ်နင်းရေး

(က) **ရောဂါဖြစ်ပွားကူးစက်ပုံ**

- ဤရောဂါသည် တီဘီပိုးကြောင့်ဖြစ်သော ကူးစက်ရောဂါဖြစ်သည်။
- ဝေဒနာရှင်ချောင်းဆိုးခြင်း၊ နှာချေခြင်းသလိပ်တံတွေးမှတစ်ဆင့် ရောဂါပိုးများလေထဲတွင် ပျံ့နှံ့၍ကူးစက်သည်။
- အသက်အရွယ်မရွေးလူတိုင်းတွင် ဖြစ်ပွားနိုင်သည်။
- အဆုတ်တွင်အများဆုံးဖြစ်ပွားပြီး၊ ကိုယ်ခန္ဓာအနှံ့အပြားတွင်လည်း ဖြစ်နိုင်သည်။
- ဆီးချိုရောဂါ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် အာဟာရချို့တဲ့မှုရှိသူများတွင် အဖြစ်များသည်။

(ခ) **ရောဂါလက္ခဏာများ**

- ရက်ရှည်ချောင်းဆိုးခြင်း (ရက်သတ္တပတ်(၃)ပတ်နှင့်အထက်)။
- ချောင်းဆိုးသွေးပါခြင်း။
- သလိပ်တွင်သွေးပါခြင်း၊
- အဖျားတာရှည်ခြင်း၊
- ခံတွင်းပျက်ခြင်း၊ မောပန်းလွယ်ခြင်း။
- ကိုယ်အလေးချိန်လျော့နည်းပြီး ပိန်ချုံးလာခြင်း၊
- ကျောရင်အောင့်ခြင်း။

(ဂ) **ကြိုတင်ကာကွယ်ခြင်း**

- ရင်သွေးငယ်များအား ကာကွယ်ဆေး(ဘီစီဂျီ)ကို မပျက်မကွက်ထိုးပေးပါ။
- အာဟာရပြည့်ဝသော အစားအစာများကို စားသုံးပါ။
- သင့်တင့်လျောက်ပတ်သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။
- ချောင်းဆိုး၊ နှာချေလျှင် လက်ကိုင်ပုဝါကို အသုံးပြုပါ။
- သလိပ်နှင့်တံတွေးကို စည်းကမ်းမဲ့ထွေးခြင်းမှရှောင်ကြဉ်ပါ။
- ဆေးလိပ်သောက်ခြင်းမှရှောင်ကြဉ်ပါ။

(ဃ) **ကုသမှုခံယူခြင်း**

- "တိုက်ရိုက်ကြည့်ရှုအချိန်တိုနှင့်ကု" နည်းဖြင့် ရောဂါပျောက်ကင်းသည်အထိ ကုသမှုခံယူပါ။
- ကုသမှုခံယူခြင်းသည် အခြားသူများသို့ ကူးစက်စေခြင်းမှ အကောင်းဆုံးကာကွယ်ခြင်းဖြစ်သည်။

တီဘီရောဂါသံသယရှိလျှင် နီးစပ်ရာကျန်းမာရေးဌာနတွင် စစ်ဆေး၍ တီဘီရောဂါရှိပါက အစွမ်းထက်သော တီဘီဆေးဝါးများဖြင့် အခမဲ့ကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအားထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇း၀၀ နာရီမှ ၁၈း၀၀ နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာအရေးယူခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

တားမြစ်

အရက်၊ ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်သည်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

ဟွန်းမတီးရ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့် စတင်ရောင်းချ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်း ကြည့်ရှုအားပေး

ရန်ကုန် ဧပြီ ၂

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ယနေ့နံနက် ၁၀ နာရီ၁၅မိနစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိလာရာ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် မြန်မာ့ကျောက်မျက်ရတနာခန်းမ ဈေးပြိုင်ခန်းမ၌ ကျင်းပလျက်ရှိသည့် ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအစီအစဉ်အရ ယနေ့နံနက် ၈နာရီတွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် စတင်ရောင်းချရာ ညနေ ၅ နာရီအထိ ကျောက်စိမ်းအတွဲ ၂၇၀ ရောင်းချခဲ့ရသည်။ ညပိုင်းတွင် ကျောက်စိမ်းအတွဲများကို ဆက်လက်ရောင်းချလျက်ရှိသည်။

အပြိုင်အဆိုင်ဝယ်ယူ

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပမှ ရတနာကုန်သည် ၈၅၀နှင့် ပြည်တွင်းမှ နိုင်ငံသား ရတနာကုန်သည် ၄၃၈ ဦး စုစုပေါင်း ရတနာကုန်သည် ၁၂၈၈ ဦးတို့ တက်ရောက်၍ အပြိုင်အဆိုင် ဝယ်ယူကြသည်။

ကျောက်စိမ်းအတွဲများကို ဧပြီ ၃ရက်နှင့် ၄ ရက်တို့တွင် တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပုဇွန်တောင် ရွှေဘုန်းပွင့်စေတီတော်မြတ် ဗုဒ္ဓပူဇနီယပွဲတော်နှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ (၄၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးရင်ပြင်ရှိ ဓမ္မာရုံသစ်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒစရိယ ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘဏအမှူးပြုသော နိုင်ငံတော်ဩဝါဒစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များ ကြွရောက်ကြပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စေတီတော်ကြီး၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ဝတ်အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များတက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌဦးတင့်လွင်က (၄၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ရွတ်ပွားချီးမြှင့်

ယင်းနောက် ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒစရိယ ပုဇွန်တောင်မြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြသိန်းတန်ကျောင်းတိုက်မှ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသလ္လထံမှ ပရိသတ်များက ရှစ်ပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင် တို့က ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

လောင်းလှူ

ထို့နောက် မြတ်စွာဘုရားအမှူးပြုသော ဆရာတော် သံဃာတော် ၁၅၅ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ၄၅ ပါးတို့က ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ရင်ပြင်တော်မှအစပြု၍ ပုဇွန်တောင်မြို့နယ်အတွင်းရှိ ဦးရွှေဂွန်းလမ်း၊ လိပ်ကန်လမ်း၊ ရေကျော်လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အိမ်ကြီးလမ်း၊ ဦးရွှေဂွန်းလမ်းတို့နှင့် ဦးရွှေဂွန်းလမ်းအတိုင်း ဆွမ်းဆန်စိမ်း အလှူခံ ကြွရောက်တော်မူကြရာ ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် မြို့နယ်အတွင်းမှ ပြည်သူများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

တင်လှူပူဇော်

အဆိုပါရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်အဖြစ် ယနေ့နံနက်ပိုင်းတွင် စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒစရိယ ဆရာတော်ကြီးများက စေတီတော်မြတ်ကြီးအား အနေကဇာတင်ပူဇော်ကြပြီးစေတီတော်ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်များနှင့်အလှူရှင်များက ဆွမ်း၊ခဲဖွယ်အစရှိသည်တို့ဖြင့် တင်လှူပူဇော်ကြသည်။

ဧပြီ ၃ရက်ညပိုင်းတွင် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မြစည်သူမင်္ဂလာဆိုင်း အဖွဲ့ဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝါရှင်တန်မြို့ မြန်မာသံရုံးမှဝန်ထမ်းတစ်ဦး မိသားစုနှင့်အတူထွက်ပြေးတိမ်းရှောင်

ရန်ကုန် ဧပြီ ၂

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ မြန်မာသံရုံးတွင် တွဲဖက်တာဝန်ထမ်းဆောင်နေသော ဦးအောင်လင်းထွဋ်(ဗိုလ်မှူး-အငြိမ်းစား)သည် ၂၀၀၅ခုနှစ် ဧပြီလ ၁ရက်နေ့က ၎င်း၏မိသားစုနှင့်အတူ နိုင်ငံတော်အပေါ် သစ္စာဖောက်ပြီး ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရှိရသည်။

ဦးအောင်လင်းထွဋ်နှင့်အတူ ဇနီး၊ သားတစ်ဦး၊ သမီးနှစ်ဦးနှင့် အိမ်အကူတစ်ဦးတို့လိုက်ပါသွားကြောင်း၊ ဦးအောင်လင်းထွဋ်၏ ဇနီးဖြစ်သူ ဒေါ်တင်လေးနွယ်မှာလည်း မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ အမှုတစ်ခု အတွက် အဆောက်အအုံငှားရမ်းခ ကြွေးကျန်များပေးဆောင်ရန် တရားရုံးသို့ ဆင့်ခေါ်ခံထားရသူ တစ်ဦးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်တီဝိပဿနာ တရားစခန်းများ

ရန်ကုန် ဧပြီ ၂

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော သင်္ကြန်အခါ လယ်တီဝိပဿနာ နယ်အထူးတရားစခန်းများကို ဧပြီ၁၃ရက်ညနေ ၄နာရီမှစ၍ အင်းစိန် ထန်းတပင်ကျောင်း၊ ကမာရွတ်လယ်တီရိပ်သာ၊ တောင်ဥက္ကလာပ မြင်သာမြို့ဦးကျောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မင်္ဂလာရာမ၊လှည်းကူးလယ်တီတောရ၊ ပဲခူးမဟာမင်းကြီးစေတီ၊ ပဲခူးရွှေဂူလေး၊ မော်လမြိုင်ပညာရာမစာသင်တိုက်၊ ဗဟန်းဂွတ္တာလစ်လွတ်လပ်ရေးကျောင်း၊ ကယားမိုးဗြဲစည်ပင်(၂)၊ ပျဉ်းမနားလယ်တီစံကျောင်း၊ ပျော်ဘွယ်ရားတော ဓမ္မရိပ်သာ၊ မုံရွာသုဓမ္မစာရိဗိမာန်၊ ကနီကုန်းသာကျောင်းနှင့်တိုက်ကြီးသဒ္ဓမ္မဇောတိကာရုံကျောင်းများတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ရုပ်မြင်သံကြား

၃-၄-၂၀၀၅

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ခါသကြိန်အဆိုအကများ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Say it in English

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"** (အပိုင်း-၂၅)
- ၁၂:၂၀ ၅။ မန်းချောင်းတံတား
- ၁၂:၃၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"အသက်ထက်ချစ်တယ်"** မင်းဟိဏ်း၊ စိုးမြတ်နန္ဒာ [ဒါရိုက်တာ-မောင်အောင် (ရှုပဗေဒ)]
- ၁၄:၂၀ ၇။ တေးဂီတအစီအစဉ်
- ၁၄:၃၀ ၈။ ဖောင်းကတောရေလှောင်တမံ
- ၁၄:၄၅ ၉။ International News
- ၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သချ်ာအထူးပြု) (သချ်ာ)
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၀၀ ၅။ မြန်မာစာ မြန်မာစကား
- ၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
- ၁၇:၃၀ ၇။ ခါသကြိန်အဆိုအကများ
- ၁၇:၄၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၃၀ ၉။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ"** (အပိုင်း-၁၂)
- ၁၉:၃၅ ၁၂။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
- ၁၉:၄၅ ၁၃။ တေးဂီတအစီအစဉ်
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"** (အပိုင်း-၃၁)
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲ ပြည်သူများကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၂

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူတို့အား ဖွင့်လှစ်ပြသထားရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား ကျောင်းသူများ၊ ရဟန်းရှင်လူ ပြည်သူများ လာရောက်ကြည့်ရှု လေ့လာကြသည်။

ပြပွဲ၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲ ပြပွဲဆိုင်ရာ ဉာဏ်စမ်းမေးခွန်းဖြေဆိုပွဲကို နေ့စဉ် ကျင်းပပေးလျက်ရှိပြီး ဖြေဆိုပွဲအပြီးတွင် ဆုငွေများကို ချီးမြှင့်ပေးအပ်သည်။

အဆိုပါ ပြိုင်ပွဲပြပွဲကို ဧပြီ ၄ ရက်အထိ ဖွင့်လှစ်ပြသထားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပဲခူးမြို့ ကံထူးဓမ္မရိပ်သာ တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂

ပဲခူးမြို့ ဥဿာမြို့သစ် ကံထူးဓမ္မရိပ်သာကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ပဋိစ္စသမုပ္ပာဒ်တရားတော်မြတ်ကို ဆရာတော် ဘဒ္ဒန္တ ဝါယမ (မဟာဂန္ထဝါစက ပဏ္ဍိတ)၊ ဆရာတော် ဘဒ္ဒန္တ ဓမ္မသာရ(ဓမ္မာစရိယ)၊ဆရာတော် ဘဒ္ဒန္တ ဓမ္မာနန္ဒ (ဓမ္မကထိက) ဆရာတော်များက တပေါင်းလပြည့်ကျော်၁၃ရက် (ဧပြီ၆ရက်) ဗုဒ္ဓဟူးနေ့မှ ဧပြီ ၁၇ရက် (နှစ်ဆန်းတစ်ရက်) အထိ ၁၂ ရက်တိုင်တိုင် ဟောကြားမည်ဖြစ်သည်။ တရားအားထုတ်လိုသော ယောဂီများသည် ကံထူးဓမ္မရိပ်သာ ပဋိပတ္တိ သာသနာ ဟိတကာရီအသင်း ဥဿာမြို့သစ် ပဲခူးမြို့ ဖုန်း-၀၅၂-၂၃၀၁၂ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (၀၄၆)

သစ်ပါးလွှာစက်ရုံ

ဧပြီ ၁ ရက်က သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရွှေပြည်သာမြို့နယ် ရွှေပြည်သာ စက်မှုဇုန် (၃) ရှိ Bamaw Veneer Timber Products., Ltd. သစ်ပါးလွှာ စက်ရုံ အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းဖော်ပြပြီး)
(သစ်တောရေးရာ)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ရန်ကုန်မြို့တော် သန့်ရှင်းသာယာ လှပစေရေး လုပ်ငန်းများနှင့် လမ်းများအဆင့်မြှင့်တင် ခင်းကျင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။
(ရန်ကုန်တိုင်း)

ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေး အဆင့်မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေးလုပ်ငန်းများ၊ လမ်းများနှင့် လူသွားစင်္ကြံများ အဆင့်မြှင့်တင် ခင်းကျင်းလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ ဗိုလ်တထောင်ကုန်သေတ္တာတင် ယာဉ်ရပ်နားစခန်းသို့ ရောက်ရှိပြီး အလျားပေ ၉၄၀၊ အနံ၄၈ပေရှိတိုးချဲ့အပိုင်းအား ကတ္တရာခင်းကျင်း ပြီးစီးမှုနှင့် ကတ္တရာခင်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ တာမွေမြို့နယ် ဗညားဒလလမ်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ လေးထောင့်ကန်လမ်းကို ဖြတ်၍ စီးဆင်းလျက်ရှိသည့် ခုနစ်ပင်လိမ်ချောင်းတစ်လျှောက် အမှိုက်၊ ရွှံ့နှင့်နုန်းများ ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့ကို ဆက်သွယ်ထားသည့် အရှည်ပေ ၆၄၃၀၊ အကျယ် ၄၈ပေရှိ မောင်းမကန် ကမ်းသာလမ်းကို ကတ္တရာလမ်းခင်းကျင်းပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ အဆိုပါလမ်းပေါ်၌ အရှည်ပေ၇၀၊ အကျယ်ပေ ၃၀ရှိ တိုးကြောင်ကလေး ချောင်းဖြတ်ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းနှင့် ကျောက်ရေတွင်းလမ်း လမ်းဆုံရှိ မြို့ပတ်ရထားလမ်းကိုဖြတ်၍ တည်ဆောက်လျက်ရှိသည့် အရှည်ပေ ၂၁၂၀၊ အကျယ် ၃၆ ပေနှင့် ၂၄ပေရှိ ကျောက်ရေတွင်း မီးရထားခုံးကျော်တံတား တည်ဆောက်လျက်ရှိသည့် အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

စည်းရုံးဆောင်ရွက်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရန်ကုန်မြို့တော်ကြီး မြို့ပြအင်္ဂါရပ်များနှင့် လျော်ညီစွာ ဖြစ်ထွန်းလာစေရေးသည် တာဝန်ရှိသူများ၏ လုံ့လ၊ ဝီရိယစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်မှုသာမက မြို့တော်နေ ပြည်သူများ၏ စည်းကမ်းစနစ်ကျနစွာ နေထိုင်တတ်မှုနှင့် တာဝန်သိတတ်မှုတို့အပေါ်တွင်လည်း မူတည်နေသဖြင့် မြို့တော်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ၌ ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်လာရေး စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု လမ်းနှင့်စက်ရေတွင်းဖွင့်ပွဲများကျင်းပ

ရန်ကုန် ဧပြီ ၂

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော အကျယ် ၁၂ပေ၊ အရှည်ပေ ၃၉၀၀ရှိ အစိုးရနည်းပညာကောလိပ်အဝင်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ရက်တွင် ကျင်းပရာ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ဇန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသောင်းနှင့် ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အလားတူ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော အကျယ် ၁၈ ပေ၊ အရှည်ပေ ၉၅၀ရှိ အောင်ရတနာရပ်ကွက် ၂၂လမ်း ကတ္တရာလမ်းသစ်ကို မတ် ၂၆ရက်တွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီနာယက ဦးထွန်းဆိုင်တို့ကလည်းကောင်း၊ ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးတန်းရပ်ကွက် ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သော အကျယ် ၁၂ပေ၊ အရှည်ပေ ၉၅၀ရှိ ငြိမ်းချမ်းသာလမ်း ကတ္တရာလမ်းသစ်ကို မတ် ၂၃ ရက်တွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသက်မိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောဒီးဒီးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်နန်းအေးထူးတို့က လည်းကောင်း၊ နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော စိန်ပန်း(မြို့ပြ) ကတ္တရာလမ်းသစ်ကို မတ် ၂၃ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ထွန်းနှင့် နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးအောင်ဇော်လတ်တို့က လည်းကောင်း၊ မကွေးတိုင်း မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကတ္တရာထပ်ပိုးလွှာခင်း ဆောင်ရွက်ခဲ့သော မြို့ဦးကတ္တရာလမ်းကို မတ် ၂၇ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးညွှန့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်းတို့ကလည်းကောင်း၊ ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော အကျယ် ၁၀ပေ၊ အရှည်ပေ ၃၀၀၀ရှိ သာယာဝဲ-အရှေ့ ဆင်ကူး ကျောက်ချောလမ်းကို မတ် ၂၁ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးမြဝင်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်တို့ကလည်းကောင်း၊ ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော အကျယ် ၁၂ပေ၊ အရှည်ပေ ၉၅၀ရှိ နေရဘန်ဘုရားလမ်း (ကတ္တရာလမ်း)ကို မတ် ၂၆ရက်တွင် စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးကျော်လှိုင်နှင့် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်တို့ကလည်းကောင်း၊ ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ထနောင်းစုကျေးရွာ စက်ရေတွင်း(တွင်းနက်)ကို မတ် ၂၆ ရက်တွင် ညောင်ဦးခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ကလည်းကောင်း၊ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော အကျယ် ၁၂ ပေ၊ အရှည်ပေ ၅၁၁၀ရှိ မိုင်းနား-လဘန်းကျေးလက် ကျောက်ချောလမ်းသစ်ကို မတ် ၂၃ရက်တွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဌေးတို့က လည်းကောင်း အသီးသီးဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်နေ့ ပြပွဲ ပြည်သူများကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၂

နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ယနေ့ဆက်လက်ဖွင့်လှစ်ပြသသည်။

ဆုများချီးမြှင့်

အထူးပြခန်းတစ်ခုဖြစ်သည့် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်း၌ နေ့စဉ်မွန်းတည့်၁၂နာရီမှ မွန်းလွဲ ၂နာရီအတွင်း ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို ကျင်းပပေးလျက်ရှိပြီး ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ကြည့်ရှုလေ့လာ

ယနေ့ပြပွဲသို့ နိုင်ငံခြားသားများအပါအဝင် ရဟန်းရှင်လူ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြသည်။ ပြပွဲကို ဧပြီ ၄ရက်အထိ ဖွင့်လှစ်ပြသထားမည်ဖြစ်သည်။ **(သတင်းစဉ်)**

သကြၤန်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ် (၅)ရပ်ကွက် (၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတွင် မူလကျေးဇူးရှင်သဲအင်းဂူ ဆရာတော်ကြီး၏ သားတပည့်ဖြစ်သော အရှင်ပဏ္ဏဝံသ(မိဂလုံ)သည် ခန္ဓာကိုယ်တွေ့ သမထဝိပဿနာ တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းပွဲကို ဧပြီ ၉ ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်က ပြည်သူများအပေါ်ထားရှိသည့် မေတ္တာ၊ စေတနာနှင့် ကြိုးပမ်းဆောင်ရွက်ပေးနေမှုများ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ရှိသူများကြောင့် စွန်းထင်းမသွားစေရအောင် အထူးသတိပြု ရပ်ကျိုး၊ရွာကျိုးဆောင်ရွက်ပေးနေသူများပီပီ ပြည်သူလေးစားမှုခံယူထိုက်အောင်ကျင့်ကြံနေထိုင်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စည်းဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✡ **ရေ့ဖုံးမှ**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျုံဟော်ရွာအနီး ရင်းငြိမ်ချောင်းအနီး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရင်းငြိမ်ရေထိန်းတံခါး တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ နံနက် ၈ နာရီခွဲတွင် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ သထုံတပ်နယ်မှဗိုလ်မှူးချုပ်မြင့်စိုး၊ တပ်မတော်အရာရှိကြီးများ၊ သထုံခရိုင်နှင့် သထုံ၊ပေါင်၊ ကျိုက်ထိုမြို့နယ်တို့မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်က ရေထိန်းတံခါးစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ၂၀၀၅ခုနှစ် မတ် ၃၁ရက်အထိ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံတို့ကိုလည်းကောင်း၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်တို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က မွန်ပြည်နယ် သထုံခရိုင်အတွင်း တည်ဆောက်ပြီးဖြစ်သည့် ဧက ၂၀၀၀၀အကျိုးပြုနိုင်သည့် ဇိုက္ကရဲရေထိန်းတံခါး၊ ဧက၂၂၀၀၀ အကျိုးပြုနိုင်သည့် ကျုံထော် ရေထိန်းတံခါးနှင့် ဧက ၂၀၀၀၀ အကျိုးပြုနိုင်ရန် တည်ဆောက်နေသည့် ကတိုက်ရေလှောင်တမံ စီမံကိန်းများ၏ လုပ်ငန်းဆောင်ရွက်မှု၊ ရင်းငြိမ်ရေထိန်းတံခါး ပင်မစီမံကိန်းနှင့်အတူ ရေခေါ်မြောင်း၊ ရေထုတ်မြောင်းလုပ်ငန်းကိုပါ တစ်ပါတည်းဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

လုပ်ငန်းဆိုင်ရာများမှာကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရင်းငြိမ်ရေထိန်းတံခါး တည်ဆောက်ရေးစီမံကိန်းကို မူလရည်မှန်းချက်အတိုင်း အရှိန်အဟုန်မပျက် စံချိန် စံညွှန်းမီ တည်ဆောက်သွားရေး၊ လေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ ခြိုးခြံချွေတာ သုံးစွဲဆောင်ရွက်သွားရေးနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်တို့ကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပင်မရေထိန်းတံခါးနှင့် ရေထုတ်မြောင်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရင်းငြိမ်ရေထိန်းတံခါး

သထုံခရိုင် ပေါင်မြို့နယ် ရင်းငြိမ်ချောင်းဘေးရှိ စိုက်ပျိုးမြေများအချိန်မီစိုက်ပျိုးနိုင်ရန် သီးနှံအမယ်စုံ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရန်၊ သီးနှံအထွက်တိုးစေရန်၊ ရေနက်ကွင်းဧက ၂၀၀၀၀ ကို မိုးရာသီတွင် ရေကြီးရေနစ်မြုပ်မှုမှ ကာကွယ်ရန်၊ ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန်နှင့် မိုးနှောင်းရာသီတွင် ရေချိုထိန်းသိမ်းရန်ရည်ရွယ်ချက်များဖြင့် ရင်းငြိမ်ရေထိန်းတံခါးကို တည်ဆောက်နေခြင်းဖြစ်သည်။

ယင်းနောက် ကတိုက်ရေလှောင်တမံ တည်ဆောက်နေမှုကို ရဟတ်ယာဉ်ပေါ်မှကြည့်ရှုစစ်ဆေးကြပြီး ဆက်လက်ထွက်ခွာကြရာ မွန်ပြည်နယ် ရေးမြို့သို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိကြရာ ရေးတပ်နယ်မှ ဗိုလ်မှူးကြီးသန်းတိုးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ရေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေးမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် ရေးမြစ်ကူးတံတားတို့ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းမှတစ်ဆင့် ရေးမြို့ ဘူတာရုံသစ်သို့ ရောက်ရှိကြပြီး ဘူတာရုံသစ်တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးရာ နိုင်ငံတော်ဝန်ကြီးချုပ်က ဘူတာရုံဝန်းကျင်တွင် အရိပ်ရပင်၊ ပန်းအလှပင်များဖြင့် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် စီစဉ်ဆောင်ရွက်သွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်မေးမြန်းသည်။

ဆက်လက်၍ ရေးမြို့ ခုတင် (၅၀) ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ တိုးချဲ့လူနာဆောင်သစ် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စောမြတ်ဦးက ရေးမြို့နယ်၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အချက်အလက်များ၊ ရေးမြို့နယ် ပြည်သူ့ဆေးရုံကြီး၏ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

လူတစ်ဦးချင်းစီ၏ ပျမ်းမျှဝင်ငွေ ကျပ် ၁၈၀၀၀၀ ရရှိရေး ကြိုးပမ်းဆောင်ရွက်

လူတစ်ဦးချင်းစီ၏ ဝင်ငွေသည် ၁၉၈၈-၈၉ ခုနှစ်က ကျပ် ၁၉၄၀၊ ၁၉၉၅-၉၆ ခုနှစ်တွင် ၁၃၅၁၅ကျပ်၊ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် ၅၀၉၂၇ကျပ် ရှိခဲ့ရာမှ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၁၆၅၇၂၉ ကျပ် တိုးတက်ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် လူတစ်ဦးချင်းစီ၏ ပျမ်းမျှဝင်ငွေကို ကျပ် ၁၈၀၀၀၀ ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန် လျာထား။

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မွန်ပြည်နယ် မော်လမြိုင် ပြည်နယ်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဆက်လက်၍ ဆေးရုံတည်ဆောက်ရေးတာဝန်ခံ ဦးချန်စိန်က ခုတင် (၅၀)ဆံ့ တိုးချဲ့လူနာဆောင်သစ် အဆောက်အအုံတည်ဆောက်ခဲ့မှု၊ ယနေ့အထိ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၃၄ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးမှု၊ ၂၀၀၆ ခုနှစ် ဧပြီလအတွင်း ပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး ခုတင် (၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဌာနဆိုင်ရာများတွေ့ဆုံ

ယင်းမှတစ်ဆင့် ရေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး စည်းဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

ယင်းတွေ့ဆုံပွဲအခမ်းအနားသို့ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရေးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် လမိုင်းမြို့နှင့် ခေါဇာမြို့တို့မှ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ရေးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်၊ လမိုင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်နှင့် ခေါဇာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်နိုင်တို့က မြို့ဆိုင်ရာ အခြေခံအချက်အလက်များ၊ တည်နေရာ၊ မြေယာအသုံးချမှု၊ မိုးစပါးစိုက်ပျိုးထွက်ရှိမှု၊ နွေစပါးနှင့်ဆောင်းသီးနှံ စိုက်ပျိုး ပြီးစီးမှု၊ ငရုတ်ကောင်းနှင့်စက်မှုကုန်ကြမ်းသီးနှံ၊ ရော်ဘာစိုက်ပျိုးထွက်ရှိမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဝမ်းစာဖူလုံရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်တို့နှင့် စပ်လျဉ်း၍ အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဝမ်းသာကြည်နူး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့မိမိဦးဆောင်ပြီး ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ပါဝင်သောအဖွဲ့အနေဖြင့် ရေးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း၊ ရေးမြစ်ကူးတံတား၊ ရေးမြို့ဘူတာရုံသစ် အပါအဝင် ရေးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ ရေးမြို့၏ ငြိမ်းချမ်းသာယာမှု၊ ရေးမြို့နေပြည်သူများ၏ လူနေမှုအဆင့်ကွာခြားမှုမရှိသလောက် ဖွံ့ဖြိုးတိုးတက်နေမှုများကို မြင်တွေ့ခဲ့ရသဖြင့် များစွာဝမ်းသာကြည်နူးမှုများ ခံစားခဲ့ရကြောင်း။

ဤကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ပြီး ဒေသနေပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်လာရခြင်းမှာ ပြည်သူများက ဒေသနှင့်ကိုက်ညီသည့် စီးပွားရေးလုပ်ငန်းများကို အေးချမ်းလုံခြုံစွာ ဇောက်ချလုပ်ကိုင်နိုင်ခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ ထို့ကြောင့် ရေးမြို့နယ်ရှိ လူတစ်ဦးချင်းဝင်ငွေသည် မွန်ပြည်နယ်တွင် အများဆုံးဖြစ်သည်ကို တွေ့ရကြောင်း။

နှစ်စဉ်ဝင်ငွေတိုးတက်

ရေးမြို့နယ်သည် စိုက်ပျိုးရေးကဏ္ဍ၊ သားငါးကဏ္ဍတို့ လုပ်ကိုင်ဖြစ်ထွန်းရန် သဘာဝအခြေအနေပေးသည့် ဒေသဖြစ်ပြီး လယ်ယာစိုက်ပျိုးရေး၊ ရော်ဘာတိုးချဲ့စိုက်ပျိုးရေး၊ ရေချို၊ ရေငန် ငါး၊ပုစွန်ထုတ်လုပ်ရေးတို့မှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသဖြင့် ယခုကဲ့သို့ စီးပွားရေးအောင်မြင်ဖြစ်ထွန်းကာ ဒေသနေပြည်သူများ၏ နှစ်စဉ်ဝင်ငွေများမှာလည်း တိုးတက်လာသည်ကို တွေ့ရကြောင်း။

ဒေသဝမ်းစာဖူလုံမှုအခြေအနေကို ကြည့်ပါကလည်း ရေးမြို့နယ်အနေဖြင့် ဒေသဝမ်းစာဖူလုံမှု ၁၀၂ ဒသမ ၆၄ ရာခိုင်နှုန်းရှိနေသည်ကို တွေ့ရကြောင်း၊ ဤကဲ့သို့ဒေသများ လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာခြင်းမှာ တည်ငြိမ်အေးချမ်းမှုနှင့်အတူ ပြည်သူများအနေဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို အေးချမ်းလုံခြုံစွာ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်လာနိုင်ကြခြင်းကြောင့်ပင် ဖြစ်ကြောင်း၊ ယနေ့အချိန်အခါတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုအကျိုးရလဒ်များကို တိုင်းရင်းသားပြည်သူအားလုံး လက်တွေ့အကျိုးခံစား ရရှိနေကြရပြီဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း အုပ်ချုပ်ရေး အခြေခံကောင်း၊ စီးပွားရေးအခြေခံကောင်း၊ ပညာရေးအခြေခံကောင်း၊ လမ်းပန်းဆက်သွယ်ရေးအခြေခံကောင်းများရရှိနေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မာလာရုံသာမက ဒေသအလိုက်အသိပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာလျက်ရှိကြောင်း။

ယခုကဲ့သို့ အခြေအနေကောင်း၊ အခွင့်အလမ်းကောင်းများ ဖော်ထုတ်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်ကို စစ်မှန်ပြီး ရေရှည်တည်တံ့ခိုင်မြဲမည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ခိုင်ခိုင်မာမာချမှတ်ပြီး အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိကြောင်း။

ကြိုးပမ်းဆောင်ရွက်

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အတိုင်း နိုင်ငံတော်အစိုးရနှင့်ပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ တက်ညီလက်ညီ ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲ ဆောင်ရွက်ချက်များကြောင့် ပေါ်ထွန်းခဲ့သည့် နိုင်ငံတော်သစ် တည်ဆောက်ရေးအခြေခံကောင်းများအပေါ် အခြေပြုပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ရောက်ရှိကြရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှုနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ မှာကြားသည်။

အခမ်းအနားသို့ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့မှ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရှေးဦးစွာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က မွန်ပြည်နယ်၏ တည်နေရာနှင့် အခြေခံအချက်အလက်များ၊ မြေယာအသုံးချမှု၊ ၂၀၀၄ခုနှစ်အတွင်း မိုးစပါးဧက၇၀၁၆၀၀ စိုက်ပျိုးခဲ့ပြီး ယနေ့အထိ ဧက၇၀၁၄၁၀ ရိတ်သိမ်းပြီးစီး၍ စပါးတင်း ၄၇၁၈၇၆၈၂တင်း ထွက်ရှိခဲ့မှု၊ နွေစပါးဧက ၆၀၁၅၀စိုက်ပျိုးထားပြီး ယနေ့အထိ ၂၁၂၆၆ဧက ရိတ်သိမ်းပြီးစီးမှု၊ ပြည်နယ်တစ်ခုလုံး ဒေသဝမ်းစာဖူလုံပိုလျှံမှု၊ မြေပဲ၊ နှမ်းနှင့် နေကြာ ဧက၂၅၉၀၀ကျော်နှင့် ပဲမျိုးစုံ ၆၃၈၀၇ဧကစိုက်ပျိုးထားမှု၊ ငရုတ်ကောင်း ၁၄၈၆၂ဧက စိုက်ပျိုးထားပြီး ၂၀၀၅-၂၀၀၆ စိုက်ပျိုးရာသီတွင် ဧက ၅၀၀၀ ထပ်မံ၍ တိုးချဲ့စိုက်ပျိုးရန်စီစဉ်ဆောင်ရွက်ထားမှု၊ စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာ၂၄၅၈၀၅ ဧက စိုက်ပျိုးထားပြီး အစေးလှီးဧက ၁၂၈၇၆၆ဧကမှ ရော်ဘာ၃၃၉၆၅တန် ထုတ်လုပ်နိုင်မှု၊ ၂၀၀၅-၂၀၀၆ စိုက်ပျိုးရာသီတွင် ရော်ဘာကို ၂၁၃၄၅ဧက ထပ်မံတိုးချဲ့စိုက်ပျိုးရန်အတွက် လိုအပ်သော ပျိုးပင်စုစုပေါင်း၄၇သိန်းကျော် စုဆောင်းပျိုးထောင်ထားမှုကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးက မွန်ပြည်နယ်အတွင်း တည်ဆောက်ပြီး တည်ဆောက်ဆဲ ရေလှောင်တမံများ၊ ရေထိန်းတံခါးများ အစုအဖွဲ့အလိုက် တည်ဆောက်ထားပြီး ယင်းတို့မှတစ်ဆင့် အကျိုးသက်ရောက်မှုအခြေအနေ၊ သားငါးမွေးမြူ ထုတ်လုပ်မှု၊ မွန်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် စီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းများကို စီမံချက်များ ရေးဆွဲဆောင်ရွက်မှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က 'ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့'ဟူသော ဆောင်ပုဒ်နှင့်အညီ အမျိုးသားပညာရည်မြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နိုင်ငံတော်အစိုးရက ကျေးလက်နှင့် နယ်စပ်ဒေသများပါမကျန် မွန်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးတွင် အခြေခံ ပညာနှင့် အဆင့်မြင့်ပညာရပ်များ တစ်ပြေးညီသင်ယူနိုင်ရေးဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဒေသဖွံ့ဖြိုးရေးတင်ပြ

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နယ်မြေဒေသအေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးလုပ်ငန်းများကို နယ်စပ်ဒေသအပါအဝင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဆင့်လိုက် စဉ်ဆက်မပြတ်တိုးချဲ့ ဆောင်ရွက်ပေးမှုတို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ၁၉၉၂-၉၃မှ ၁၉၉၅-၉၆အထိ ပထမကာလတို လေးနှစ်စီးပွားရေးစီမံကိန်းတွင် နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်း ၇ဒသမ ၅ရာခိုင်နှုန်း၊ ဒုတိယကာလတိုငါးနှစ် စီမံကိန်းတွင် နှစ်စဉ်ပျမ်းမျှ ၈ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း။

ထိုနည်းတူ တတိယကာလတို ငါးနှစ်စီမံကိန်းတွင် နှစ်စဉ်တိုးတက်မှုနှုန်း ၁၁ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ရန် လျာထားဆောင်ရွက်ခဲ့ရာ ယခု စတုတ္ထနှစ် ကုန်ဆုံးသည့်အချိန်တွင် ပျမ်းမျှတိုးတက်မှုနှုန်း ၁၂ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ တတိယကာလတို ငါးနှစ်စီးပွားရေးစီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့် ယခု၂၀၀၅- ၂၀၀၆ ခုနှစ်တွင် တိုးတက်မှုနှုန်း ၁၂ ဒသမ ၆ ရာခိုင်နှုန်းရရှိရန် ကြိုးပမ်းဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထိုနည်းတူ လူတစ်ဦးချင်းစီ၏ ဝင်ငွေသည် ၁၉၈၈-၈၉ခုနှစ်က ကျပ်၁၉၄၀၊ ၁၉၉၅-၉၆ခုနှစ်တွင် ၁၃၅၁၅ကျပ်၊ ၂၀၀၀-၂၀၀၁ခုနှစ်တွင် ၅၀၉၂၇ ကျပ်ရှိခဲ့ရာမှ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၁၆၅၇၂၉ ကျပ် တိုးတက်ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင်လူတစ်ဦးချင်းစီ၏ ပျမ်းမျှဝင်ငွေကို ကျပ် ၁၈၀၀၀၀ ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန် လျာထားကြောင်း။

နိုင်ငံတော်၏စီးပွားရေး GDPတွင် ပါဝင်မှုအချိုးအစားကိုကြည့်ပါက လယ်ယာကဏ္ဍ ၅၀ ဒသမ၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍ ၁၄ဒသမ ၆ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍ ၃၄ ဒသမ ၉ ရာခိုင်နှုန်းဖြစ်၍ စက်မှုကဏ္ဍ ပါဝင်မှုနှုန်းအနေဖြင့် အထူးကြိုးစားသွားရန် လိုအပ်မှာဖြစ်ကြောင်း။

တိုးတက်ဖော်ထုတ်

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှသာလျှင် ခေတ်မီနိုင်ငံတော်အဆင့်ဖြစ်ပေါ်လာမှာဖြစ်၍ တတိယကာလတို ငါးနှစ်စီးပွားရေးစီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့် ယခုနှစ်တွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ စက်မှုကဏ္ဍဖွံ့ဖြိုးရေးအပြင် လူနေမှုအဆင့်အတန်း တိုးတက်လာသည်နှင့်အမျှ လိုအပ်ချက်မြင့်မားလာသည့် လျှပ်စစ်ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍ လိုအပ်ချက်များ တိုးတက်ဖော်ထုတ်ရရှိရေးအတွက်ကိုလည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှသာလျှင် ခေတ်မီနိုင်ငံတော်အဆင့် ဖြစ်ပေါ်လာမှာဖြစ်၍ တတိယကာလတို ငါးနှစ်စီးပွားရေးစီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့် ယခုနှစ်တွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို လျာထားဆောင်ရွက်လျက်ရှိ၊ စက်မှုကဏ္ဍဖွံ့ဖြိုးရေးအပြင် လူနေမှုအဆင့်အတန်း တိုးတက်လာသည်နှင့်အမျှ လိုအပ်ချက်မြင့်မားလာသည့် လျှပ်စစ်ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍ လိုအပ်ချက်များ တိုးတက်ဖော်ထုတ်ရရှိရေးအတွက်ကိုလည်း ကြိုးပမ်းဆောင်ရွက်သွားမည်။

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲဆက် စီးပွား/ကူးသန်းနှင့် တံခွန်အသင်းတို့ အနိုင်ရရှိ

ရန်ကုန် ဧပြီ ၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းက ဆောက်လုပ်ရေးအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

စီးပွား/ကူးသန်းအသင်းအတွက် အနိုင်ဂိုးများကို မာလက သုံးဂိုး၊ ကျော်ဇင်ဝင်း၊ မျိုးမင်းထွန်းနှင့် မျိုးသူကျော်တို့က တစ်ဂိုးစီသွင်းယူပေးသည်။ ဆောက်လုပ်ရေးအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ရီမွန်ပေါလ်က သွင်းယူပေးသည်။

အောင်ဆန်းအားကစားပြိုင်ကွင်း၌ တံခွန်အသင်းနှင့် မလိခအသင်းတို့ ယှဉ်ပြိုင်ကစားရာ တံခွန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အမှတ်ရရှိမှု

ယနေ့ပွဲစဉ်များအပြီးတွင် စီးပွား/ကူးသန်းအသင်းက ၁၀ပွဲကစား ၂၆မှတ်၊ ဆောက်လုပ်ရေးအသင်းက ၁၁ပွဲကစား ၁၉မှတ်၊ တံခွန်အသင်းက ၁၁ပွဲကစား ၁၆မှတ်၊ မလိခအသင်းက ၁၁ပွဲကစား သုံးမှတ် ရရှိထားကြသည်။ စီးပွား/ကူးသန်းအသင်းသည် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းထက် နှစ်မှတ်အသာဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ယနေ့ပွဲ

ဧပြီ၃ရက် **(ယနေ့)** ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ တပ်မတော်(ကြည်း)အသင်းနှင့် စွမ်းအင်အသင်း၊ ပဒေသာအားကစားကွင်း၌ သစ်တောရေးရာအသင်းနှင့် ကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဘောလုံးပြိုင်ပွဲကျင်းပချိန် ပြောင်းလဲမည်

ရန်ကုန် ဧပြီ ၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း၊ ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲများကို အောင်ဆန်းအားကစားပြိုင်ကွင်း၊ ပဒေသာအားကစားကွင်း၊ ပဒုမ္မာအားကစားကွင်းနှင့် စလင်းအားကစားကွင်းတို့၌ နေ့စဉ် ညနေ၃နာရီခွဲမှစ၍ ကျင်းပခဲ့သည်။

ယခုအခါ ရာသီဥတုပူပြင်းလာသည့်အတွက် အဆိုပါ ဘောလုံးပြိုင်ပွဲများကို ဧပြီ၄ရက်မှစတင်၍ ညနေ၃နာရီခွဲအစား ညနေ၄နာရီမှစ၍ ပြောင်းလဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာကျင်းပမည်

ရန်ကုန် ဧပြီ ၂

အကြိမ်(၃၀)မြောက်စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနားကို ပဲခူးတိုင်း ပဲခူးမြို့ ဓိုင်းဂနိုင်းတောင်ပိုင်း မင်္ဂလာလမ်းရှိ ဓမ္မရိပ်သာကျောင်းတိုက်ကြီးတွင် ဧပြီ ၁၂ရက်မှ ၁၇ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

စုပေါင်း ရဟန်းခံ ရှင်ပြု ဒုလ္လဘအလှူပွဲတွင် ပါဝင်လှူဒါန်းလိုသော အလှူရှင်များ ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သုဇာတ အရှင်သူမြတ်ထံတွင် ကြိုတင်စာရင်း ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၅ခုနှစ် မတ်လ မိုးရွာသွန်းမှုအခြေအနေ

ရန်ကုန် ဧပြီ ၂

မတ်လသည် သာမန်အားဖြင့် ပူပြင်းခြောက်သွေ့ပြီး မိုးရွာသွန်းမှုအလွန်နည်းသော ကာလဖြစ်သည်။ သို့ရာတွင် ၂၀၀၅ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်မှာ ဒေသအများစုတွင် ဖြစ်မြဲထက်ပိုပြီး ၂၀၀၄ခုနှစ် မတ်လထက် တစ်ပြည်လုံးလိုလိုတွင် ပိုမိုခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းရရှိသည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မိုးရွာသွန်း တောင်ပိုင်းစွန်းဒေသများ၌ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၂

လွန်ခဲ့သော နှစ်ရက်ခန့်က ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျားမိုးရွာပြီး တနင်္သာရီတိုင်း၌ မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့သည်။ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ မြိတ်မြို့တွင် ဝဒသမ၁၂ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ ဧပြီ၃ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများ၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြိုင်သာယာစွန်းလွန်း ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂

မော်လမြိုင်မြို့ မြိုင်သာယာမြို့သစ် ရှင်စောပုလမ်းရှိ စွန်းလွန်းဂူဓမ္မအေးရိပ်သာကြီးတွင် စွန်းလွန်း ၁၀ ရက်စခန်းပွဲကို ဧပြီ ၈ရက်မှ ၁၈ရက် အထိ ကျင်းပမည်ဖြစ်ရာ ကျေးဇူးတော်ရှင် စွန်းလွန်းဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ရိပ်သာ၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ တိလောကနှင့် တပည့် အရှင်ပညာစက္က(ကောလင်း) တို့က ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဟောကြားပြသမည်ဟု သိရသည်။ **(က-ပ)**

ကမ္ဘာတစ်လွှား အားကစား

၂၀၀၆ ကမ္ဘာ့ဖလား မြောက်အမေရိကဇုန် ယှဉ်ပြိုင်ကစား နာမည်ကြီးမက္ကဆီကို သရေပွဲနှင့်ကြုံ၊ အမေရိကန်အနိုင်ရရှိ

ပနားမား ဧပြီ ၂

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ မြောက်အမေရိကဇုန် ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားခဲ့ရာ နာမည်ကြီး မက္ကဆီကိုအသင်းသည် သရေပွဲနှင့်ကြုံပြီး အမေရိကန်အသင်းက အနိုင်ကစားနိုင်ခဲ့သည်။

ပနားမားနှင့်မက္ကဆီကို

ပနားမားအသင်းနှင့် မက္ကဆီကိုအသင်းတို့သည် ပနားမားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ပနားမားအသင်းက မက္ကဆီကိုအသင်းကို တစ်ဂိုးစီ သရေကျခဲ့သည်။

မက္ကဆီကိုအသင်းအတွက် တစ်လုံးတည်းသော ဂိုးကို ပွဲချိန် ၂၆မိနစ်တွင် တိုက်စစ်မှူး ရာမွန်မိုရာလက်က ဘာရာဇီးနွယ်ဖွား အင်တိုနီယိုနယ်လ်ဆင် ပေးပို့သော ဘောလုံးကို ပနားမားဂိုးသမား ဂျမီပီနီဒို၏အောက်မှ သွင်းယူလိုက်ခြင်းဖြစ်သည်။

ပွဲချိန် ၅၆မိနစ်တွင် မက္ကဆီကိုအသင်းမှ ကွင်းလယ်ကစားသမား ပါဗယ်ပါဒို နှစ်ဝါ တစ်နီဖြင့် ထွက်သွားခဲ့ရပြီး မက္ကဆီကိုတို့ ၁၀ယောက်တည်းဖြင့် ကစားခဲ့ရသည်။

မက္ကဆီကိုအသင်း အင်အားနည်းသွားချိန်၌ ပနားမားအသင်းက ဖိကစားခဲ့ရာ ၇၄မိနစ်တွင် ပနားမားတို့ ချေပဂိုးရရှိသွားခဲ့သည်။

ပနားမားအသင်းအတွက် ချေပဂိုးကို လူစားဝင်လာသူ တီဂျာရာက ပယ်နယ်တီဧရိယာအတွင်း ဘောလုံးကို ရင်ဘတ်ဖြင့်အသာထိန်း၍ ကန်သွင်းလိုက်ရာ မက္ကဆီကိုဂိုးသမား အော့ဆွဲဒိုဆန်ချက်အား ကျော်ဖြတ်ကာ ဂိုးဝင်သွားခဲ့သည်။

မက္ကဆီကိုအသင်းသည် ယခုကစားသည့် တတိယပွဲစဉ်အပြီး သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် မြောက်အမေရိကဇုန်ခြေစစ်ပွဲတွင် ဦးဆောင်နေသောအသင်းဖြစ်သည်။ ၎င်းအသင်းသည် စုစုပေါင်း ခုနစ်မှတ် ရရှိထားသည်။

အမေရိကန်အသင်းနှင့် ဂွာတီမာလာအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် အမေရိကန်မှ ဘိုကိန်းဂရာ (ဝဲ) နှင့် ဂွာတီမာလာမှ ရောဒီကွတ်ဇ်တို့ ဘောလုံးလုယူကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပနားမားအသင်းသည် သုံးပွဲကစား နှစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် နှစ်မှတ်သာ ရသေးသည်။

အမေရိကန်နှင့် ဂွာတီမာလာ

အမေရိကန်အသင်းနှင့် ဂွာတီမာလာအသင်းတို့သည် အမေရိကန်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ အမေရိကန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။ အမေရိကန်အသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း ၁၁မိနစ်တွင် အက်ဒီဂျွန်ဆင်က သူ၏ (၂၁)နှစ်မြောက် မွေးနေ့လက်ဆောင်ဂိုးအဖြစ် ဖွင့်ဆော်ဦး ဂိုးသွင်းပေးလိုက်သည်။ အဆိုပါဂိုးမှာ ဂျွန်ဆင်၏ နိုင်ငံတကာပွဲစဉ်ရှစ်ပွဲတွင် ရှစ်ဂိုးမြောက်ဖြစ်သည်။

ပနားမားနှင့် မက္ကဆီကိုအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် မက္ကဆီကိုအသင်းမှ ဘာလန်ကို (ဝဲ)နှင့် ပနားမားမှ ဘာလ္လိုင်းတို့ ဘောလုံးကို အကြိတ်အနယ် လုယူစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်အသင်းအတွက် ဒုတိယမြောက်ဂိုးကို ၇၁မိနစ်တွင် ရာလ်စတွန်က သွင်းပေးခဲ့ခြင်းဖြစ်သည်။

အမေရိကန်အသင်းသည် ယခုကစားသည့် တတိယပွဲစဉ်အပြီး သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် မက္ကဆီကိုအသင်းနောက်မှ တစ်မှတ်လျော့လိုက်ကာ ခြောက်မှတ် ရရှိထားသည်။

ဂွာတီမာလာအသင်းသည် သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ဖြင့် တတိယနေရာမှ လိုက်နေသောအသင်းဖြစ်သည်။

ထရီနီဒက်တိုဘာဂိုနှင့် ကော့စတာရီကာ

ထရီနီဒက်တိုဘာဂိုအသင်းနှင့် ကော့စတာရီကာအသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းနိုင်ခြင်းမရှိဘဲ ပွဲပြီးသွားခဲ့သည်။

ထရီနီဒက်တိုဘာဂိုအသင်းသည် ကော့စတာရီကာအသင်းကို သရေကစားနိုင်ခဲ့သဖြင့် တတိယပွဲစဉ်တွင် ပထမဆုံးသော တစ်မှတ်ကို ရယူနိုင်ခဲ့သည်။

ကော့စတာရီကာအသင်းသည် သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ဂွာတီမာလာအသင်းနှင့် အမှတ်ချင်းတူ လေးမှတ်ရရှိထားကာ ဂွာတီမာလာအသင်းနောက်မှ စတုတ္ထနေရာ၌ ရှိနေသည်။

ပွဲစဉ်(၃)အပြီး မက္ကဆီကိုအသင်းက ခုနစ်မှတ်ဖြင့် ပထမ၊ အမေရိကန်က ခြောက်မှတ်ဖြင့် ဒုတိယ၊ ဂွာတီမာလာက လေးမှတ်ဖြင့် တတိယ၊ ကော့စတာရီကာက လေးမှတ်ဖြင့် စတုတ္ထ၊ ပနားမားအသင်းက နှစ်မှတ်ဖြင့် ပဉ္စမ၊ ထရီနီဒက်တိုဘာဂိုက တစ်မှတ်ဖြင့် ဆဋ္ဌမနေရာတို့၌ အသီးသီးရှိနေသည်။

အဆိုပါ မြောက်အမေရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ထိပ်ပိုင်းသုံးသင်းသည် ၂၀၀၆ခုနှစ်တွင် ဂျာမနီနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ယှဉ်ပြိုင်ကစားခွင့်ရကြမည်ဖြစ်သည်။

ယင်းမြောက်အမေရိကဇုန်မှ စတုတ္ထနေရာရရှိသော အသင်းသည် အာရှတိုက်မှ အသင်းနှင့် အပြန်အလှန်ကစားပြီး အနိုင်ရသောအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။ **(အင်တာနက်)**

ထူးခြားသည့်နေ့အပူချိန်များ

၂-၄-၂၀၀၅

မကွေးမြို့

၄၄ဒီဂရီစင်တီဂရိတ် (၁၁၁ဒသမ၂ဒီဂရီဖာရင်ဟိုက်)

မင်းဘူးမြို့

၄၃ဒီဂရီစင်တီဂရိတ် (၁၀၉ဒသမ၄ဒီဂရီဖာရင်ဟိုက်)

ယဉ်ကျေးမှုနှင့်စာရိတ္တပညာသင်တန်း နွေရာသီသင်တန်းပေါင်းစုံဖွင့်ပွဲများကျင်းပ

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း နွေရာသီ သင်တန်းပေါင်းစုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့်အနောက်မြင်းပြိုင်ကွင်းလမ်းဆုံရှိ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ အမျိုးသားယဉ်ကျေးမှုနှင့်စာရိတ္တပညာသင်တန်းနှင့် နွေရာသီ သင်တန်းပေါင်းစုံဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့်အလုပ်အမှုဆောင်များ၊ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက်အင်းမဟာစည် အထူးတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂

သန်လျင်မြို့ ကျိုက်အင်းမဟာစည် သာသနာ့ရိပ်သာ ဓမ္မရက္ခိတ ကျောင်းတိုက်တွင် ဗုဒ္ဓ၏သတိပဋ္ဌာန် ကျင့်စဉ်နှင့် ပါဠိတော်ဟောစဉ်အတိုင်း(နိဗ္ဗာန်ရောက်ရေး အလေးပေးကာ) ကျင့်စဉ်နှင့် ဟောစဉ်တရားတော်များကို ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တခေမာစာရ(ရေတာရှည်)ဆရာတော်အရှင်သူမြတ်က အကြိမ်(၂၀)မြောက် တရားစခန်းပွဲ ဟောကြားပြသမည်ဖြစ်သည်။

တရားအားထုတ်ကြမည့် ယောဂီများ အခမဲ့ တန်ခူးလဆန်း ၄ရက်(ဧပြီ ၁၂ရက်)ညနေ ၄နာရီအရောက် ကျိုက်ခေါက်ဘုရား အလွန် ကျိုက်အင်းမှတ်တိုင်ဆင်း၍ လာရောက်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

ကျေးရွာစာကြည့်တိုက်သို့ ရုပ်မြင်သံကြားစက်လှူဒါန်း

ရန်ကုန် ဧပြီ ၂

စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကြီးကြပ်မှုနှင့် ကျေးရွာစာကြည့်တိုက်အသင်းကော်မတီ၏စည်းရုံးမှုဖြင့် စစ်ကိုင်းမြို့နယ် ကျောက်ဆည်ကျေးရွာ မြတ်ပန်းတိုင်စာကြည့်တိုက်သို့ ကျေးရွာပြည်သူများ စုပေါင်းလှူဒါန်းသည့် ၂၁လက်မ ရုပ်မြင်သံကြားဖမ်းစက်တစ်လုံး၊ သုံးပေနှင့် ရှစ်ပေ ဂြိုဟ်တုစလောင်းနှစ်ခုနှင့်မီးစက်တစ်လုံးပေးအပ်လှူဒါန်းပွဲကို မတ် ၁၄ရက် နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်၌ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းနှင့်ဝန်ထမ်းများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်ဦးလွင် ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဧပြီ ၂

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် Myanmar P.G.A နှင့် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းတို့က ကြီးမှူး၍ ၂၀၀၅ခုနှစ် (၄၇)ကြိမ်မြောက် ပြင်ဦးလွင်ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၂ရက်မှ ၁၅ရက်အထိ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်ဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် Professional နှင့် အပျော်တမ်းအဆင့် Handicap (သုညမှ ၁၂)အထိ ရှိသူများပြိုင်ပွဲ၊ အသင်းလိုက် ရွှေအဆင့်ပြိုင်ပွဲ၊ ငွေအဆင့်ပြိုင်ပွဲနှင့်ကြေးအဆင့်ပြိုင်ပွဲ၊ အပျော်တမ်းတစ်ဦးချင်း ရွှေအဆင့်ပြိုင်ပွဲ၊ ငွေအဆင့်ပြိုင်ပွဲနှင့် ကြေးအဆင့်ပြိုင်ပွဲ၊ သက်ကြီးတန်းပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားမောင်မယ်များနှင့် သက်ကြီးတန်း ဂေါက်သီးရိုက် အားကစားဝါသနာရှင်တို့သည် ဧပြီ ၁၀ရက် ညနေ၄နာရီ နောက်ဆုံးထား၍ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း ဖုန်း ၀၈၅-၂၂၃၈၂နှင့် Han Event Management ဖုန်း ၅၄၂၉၈၉၊ ၀၉-၉၉-၇၂၅၅၄တို့သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍အသေးစိတ်မေးမြန်းနိုင်သည်။

အဆိုပါ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းနှင့် Han Event Management တို့က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံဖွင့်

ရန်ကုန် ဧပြီ ၂

ကလေးခရိုင် ကလေးမြို့နယ် ခုံတိုးမြို့သာကျေးရွာအုပ်စု လရိပ်ပြာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို အဆိုပါကျေးရွာရှိ သဒ္ဓမ္မဇောတိကာရုံ ကျောင်း၌ ဖေဖော်ဝါရီ ၂၆ရက်က ကျင်းပရာ ရွာစည်ရွာသာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရိယဝံသက ဖဲကြိုးဖြတ်ဖွင့်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သီတဂူ ဓမ္မပူဇာသဘင်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၆ ဆိပ်ခံတံတားတွင် စစ်ကိုင်းတောင်ရိုး သီတဂူဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာအရှင်ဉာဏိဿရ (D.Litt) ကိုယ်တော်တိုင် နှစ်ဖက်သောမိဘများအားအမှူးထား၍ ဥက္ကဋ္ဌ ဦးတီတိုးနှင့်ဇနီး ဒေါ်နန်းအိအိစံ (မြန်မာမန်းအုပ်စု အထွေထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက်)တို့၏ ရဟန်းခံ၊ ရှင်ပြု၊ နားသအလှူမင်္ဂလာအောင်ပွဲအနေဖြင့် တရားရေအေးတိုက်ကျွေးမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးဓမ္မမိတ်ဆွေများအား အောက်ပါအစီအစဉ်အတိုင်း ကြွရောက်၍ အတူတကွ တရားတော်နာကုသိုလ်ယူနိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက် – ၈-၄-၂၀၀၅ရက် (၁၃၆၆ခုနှစ် တပေါင်းလကွယ်) သောကြာနေ့။
အချိန် – ည ၇ နာရီ။
နေရာ – မြန်မာမန်းအုပ်စု အထွေထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက် အမှတ် ၆ ဆိပ်ခံတံတား(ဗဟိုစံပြငါးဈေး)၊ ကမ်းနားလမ်းနှင့်ပန်းပင်ကြီးလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

အမေရိကန်နိုင်ငံ၊ Massachusetts ပြည်နယ်၊ Boston မြို့နေ
Dr. ဦးထွန်းအောင်ကျော် (Ph.D.Computer Science,UICU)
(Senior Software Engineer, Teradyne,Inc.)–ဒေါ်ခင်မော်မော်
တို့၏သားကြီး

မောင်ရဲနိုင်

B.Sc (Maths)Worcester State College, Worcester, MA

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ
ဗိုလ်မှူးကြီးတင်သိန်းလူ(ရေ)အငြိမ်းစား–ဒေါ်ခင်ခင်စု၊
ဦးထွန်းတင်(အငြိမ်းစားရဲဝန်ထောက်)–ဒေါ်အုန်းကြင်တို့၏မြေး
ဦးဘုန်းမြင့်လူ–ဒေါ်သင်းသင်းကြူ
CTI Group-Yangon,
Talisman Crew Manning Company Limited., Myanmar
တို့၏သမီးငယ်

မခင်စုစုလူ

(Assistant Representative)
CTI Group-Yangon,
Talisman Crew Manning Company Limited., Myanmar

တို့သည် ၂-၄-၂၀၀၅ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပြီးဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရဲနိုင်–မခင်စုစုလူ။

Job Vacancy

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Product Manager/Operation Manager — ကျား/မ(၁)ဦး
- Any Graduate, Mgt. ကျွမ်းကျင်
- Team အဆင့်ဆင့် ဖွဲ့စည်းတည်ဆောက်ဖူးသူ၊ အတွေ့အကြုံ (၅)နှစ်၊ ခံစားခွင့်ညှိနှိုင်း

၂။ Sale Manager — ကျား/မ(၂)ဦး
- Any Graduate, Mgt. ကျွမ်းကျင်သူ၊ အတွေ့အကြုံ(၃)နှစ်၊ အသက်(၂၅-၃၅)ကြား

၃။ Ass:Sale Manager — ကျား/မ(၅)ဦး
- Any Graduate အတွေ့အကြုံ(၃)နှစ်၊ အသက်(၂၀-၃၀)ကြား

၄။ Sale Executive — ကျား/မ(၅)ဦး
- ဘွဲ့ကြို/ဘွဲ့ရ၊ အတွေ့အကြုံ (၂)နှစ်၊ အသက်(၂၀-၂၅)ကြား၊
- ရုပ်ရည်ပြေပြစ်၍ အပြောအဆို သွက်လက်ယဉ်ကျေးရမည်။

၅။ Sale & Marketing Supervisor — ကျား/မ(၃)ဦး
- Any Graduate လုပ်ငန်းအတွေ့အကြုံ(၃)နှစ်၊ အသက်(၂၅-၃၀)ကြား

၆။ Marketing Executive — ကျား/မ(၁၅)ဦး
- ဘွဲ့ကြို/ဘွဲ့ရ၊ အတွေ့အကြုံ (၁/၂)နှစ်၊ အသက်(၂၀-၂၅)ကြား၊
- အပြောအဆို သွက်လက်ယဉ်ကျေးရမည်။

၇။ Sales Representative — ကျား/မ(၁၀)ဦး
- ဘွဲ့ကြို/ဘွဲ့ရ၊ အတွေ့အကြုံ (၁)နှစ်၊ အသက်(၂၀-၂၅)ကြား

၈။ Estimate ကျွမ်းကျင်သူ(Quantity Suvier) — ကျား/မ(၁)ဦး
- A.G.T.I(Civil)၊ အတွေ့အကြုံ (၂)နှစ်

၉။ လက်နှိပ်စက်ကျွမ်းကျင်သူ — ကျား/မ(၁)ဦး
- အတွေ့အကြုံ (၁)နှစ်

(အထက်ပါရာထူးများအားလုံးအတွက် မိမိနှင့်သက်ဆိုင်သည့် Sale Target Amount များအား တာဝန်ယူ နိုင်ရမည်။ မိမိ Performance ပေါ်မူတည်၍ လစာနှင့် အခြားအကျိုးခံစားခွင့်ရှိသည်။)

ကြော်ငြာပါသည့်နေ့မှစပြီး ၈-၄-၂၀၀၅ရက် နောက်ဆုံးထား၍ အမှတ် ၇၆၊ စဉ့်အိုးတန်းလမ်း(အောက်လမ်း)၊ လသာမြို့နယ်သို့ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ Labour တို့နှင့်အတူ HR Manager အိမ်သို့ ရုံးချိန်အတွင်း ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဟောပြော

ရန်ကုန် ဧပြီ ၂

တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု စပယ်ကျေးရွာ၌ 'စပယ်'နှင့် ဒေင်ကျေးရွာတွင် 'ဒေင်ဦး' ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်ပွဲအခမ်းအနားကို မတ်၂၆ရက်တွင်အဆိုပါ ကျေးရွာများ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းမြင့်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှဌေးနှင့်ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှဌေးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် စာကြည့်တိုက်ရေရှည်တည်တံ့ရေးတို့နှင့် ပတ်သက်၍ ဟောပြောသည်။

အလားတူပင် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု စလိကျေးရွာ၌ 'စလိ'ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၈ရက်တွင် စလိကျေးရွာ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းမြင့်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှဌေးနှင့် စလိကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာပေါင်းမြို့ သာယာလှပရေး စုပေါင်းဆောင်ရွက်

သာပေါင်း မတ် ၁၀

သာပေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိရာ မတ် ၁ ရက်က စည်ပင်သာယာရေးဝန်ထမ်းများ၊ ပြည်သူများပူးပေါင်း၍ သာပေါင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းလမ်း ချုံနွယ်ပိတ်ပေါင်း ရှင်းလင်းခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ကြသည်။

ကြီးကြပ်

အဆိုပါသန့်ရှင်းရေးဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးနှင့် တာဝန်ခံအင်ဂျင်နီယာဦးခင်မောင်ဖြူတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော် ပရိဝုဏ် ဘက်စုံပြုပြင်တည်ဆောက်ရေး လုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲကို မတ် ၁ ရက်က ကျင်းပရာ အလှူရှင် သထုံမြို့ ကန်ကြီးရပ် ဘူတာရုံလမ်း အမှတ်(၉၇၇)နေ ဦးကျော်ဇော-ဒေါ်တင်တင်အေး မိသားစုနှင့် တပည့်များ စုပေါင်းလှူဒါန်းသော ငွေကျပ်ငါးသိန်းကို ပေးအပ် လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံရယူစဉ်။ (၁၆၈)

ပြည်နယ်အဆင့် အမျိုးသမီး စစ်ရေးပြပြိုင် ဆုချီးမြှင့်ပွဲအခမ်းအနား တောင်ကြီးမြို့၌ကျင်းပ

တောင်ကြီး မတ် ၂၅

ရှမ်းပြည်နယ် ရဲတပ်ဖွဲ့ကကြီးမှူးကျင်းပသည့် ပြည်နယ်အဆင့် အမျိုးသမီး စစ်ရေးပြပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို မတ်၂၀ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ သီးသန့်ရဲစခန်းဝင်း ပြည်နယ်အရန်တပ်ခွဲ စစ်ရေးပြကွင်းတွင် ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ပြိုင်ပွဲဝင်တပ်ဖွဲ့များက စစ်ရေးပြကွင်းအတွင်း နေရာယူကြပြီး ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြလွင်က အမှာစကားပြောကြားပြီး စစ်ရေးပြပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

ဆုများပေးအပ်

ထို့နောက်ဆုပေးအပ်ပွဲအခမ်းအနားကျင်းပရာ ပြိုင်ပွဲဝင်အသင်း ၂၅ သင်းအတွက် ဂုဏ်ပြုဆုများကို ရှမ်းပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ပေးအပ်ချီးမြှင့်ကြပြီး တတိယဆုရ ပင်းတယမြို့နယ် ရဲတပ်ဖွဲ့အသင်း၊ ဒုတိယဆုရ တောင်ကြီးအမှတ်(၁) ရဲစခန်း အသင်း၊ ပထမဆုရ နမ့်စန်မြို့နယ်ရဲ တပ်ဖွဲ့အသင်းတို့အား ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြ လွင်က ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ယာပုံ)**

(ပြည်နယ်ရဲတပ်ဖွဲ့)

အမြို့မြို့ အနယ်နယ် သတင်းများ

မတ် ၅ ရက်က မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦး၊ ဒုတိယဦးစီးမှူး(ဈေး)ဦးကျော်ဟိုး၊ ဒုတိယဦးစီးမှူး(သန့်)ဦးကျော်မိုး၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့များ အမှတ်(၂)ဈေးတွင် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းမှကြီးမှူး နွေရာသီ အဆို၊အက၊အရေး၊အတီး သင်တန်းဖွင့်

တာချီလိတ် မတ် ၂၂

တာချီလိတ်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှကြီးမှူး၍ နွေရာသီ အဆို၊အက၊အရေး၊အတီး သင်တန်း အပတ်စဉ်(၁/၂၀၀၅)ဖွင့်ပွဲအခမ်းအနားကို မတ် ၁၂ရက်က မကာဟိုခမ်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ဇနီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်သူသူမင်းစံက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုအဖွဲ့ဝင် မြို့နယ်ပညာရေးမှူး ဦးမောင်မောင်မော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအားလည်းကောင်း၊ မြို့နယ်ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင် ဦးတင်စိုးက အဆို၊အက၊အရေး၊အတီး အကြောင်း သိကောင်း စရာများအားလည်းကောင်း ရှင်းလင်း ဟောပြောကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



မျိုးဆက်သစ် အားကစားသမားများပေါ်ထွန်းရန် ရည်ရွယ် ကျေးရွာပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲ ကျင်းပ

ညောင်လေးပင် မတ် ၃၁

မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းစေရန် ရည်ရွယ်၍ ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသော ရီရှင်ဖလား ကျေးရွာပေါင်းစုံအလွတ်တန်း ဘောလုံးပြိုင်ပွဲကို မတ် ၂၇ရက်က ညောင်လေးပင်မြို့နယ် အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိမ်းဌေးက အမှာစကား ပြောကြားပြီးနောက် ရီရှင်ကုမ္ပဏီ အထွေထွေ မန်နေဂျာ ဦးအိုက်စိုင်းက ကွင်းအတွင်းသို့ ဘောလုံးကန်သွင်းကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြောင်း သိရသည်။ **(က-ပ)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကျင်းပသော ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို မတ် ၂၅ရက်က ကျင်းပရာ ကျိုင်းတုံခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်မင်းက ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။ (က-ပ)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

မန္တလေး မတ် ၂၈

မန္တလေးတိုင်း(၂၀၀၅)ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မတ် ၂၄ရက် နံနက်၉နာရီက မန္တလေးတိုင်းကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းကျန်းမာရေးကော်မတီဥက္ကဋ္ဌ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သော ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်မိန့်ခွန်းကို တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းက ဖတ်ကြားသည်။

ဆက်လက်၍ ၂၀၀၄ ခုနှစ်အတွင်း မန္တလေးတိုင်း ၃၁မြို့နယ်၌ ဆောင်ရွက်ခဲ့သော တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်နှင့် ပတ်သက်၍ အကောင်းဆုံးစွမ်းဆောင်ရည် ပထမဆုရ ကျောက်ပန်းတောင်းမြို့နယ်၊ ဒုတိယဆုရ ချမ်းမြသာစည်မြို့နယ်နှင့် တတိယဆုရ အောင်မြေသာစံမြို့နယ်တို့အား တိုင်းကျန်းမာရေး ကော်မတီဥက္ကဋ္ဌက ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် မန္တလေးမြို့ တီဘီရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာများအတွက် ဆန်၊ဆီ၊ ပဲနှင့် ဆေးပဒေသာပင်များပေးအပ်လှူဒါန်း ခဲ့ကြသည်။

အဆိုပါ တီဘီရောဂါဝေဒနာရှင်လူနာများအတွက် လှူဒါန်းလိုပါက မန္တလေးမြို့ တီဘီရောဂါအထူးကုဆေးရုံ(ပုသိမ်ကြီး)ဖုန်း-၅၇၀၁၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား ပဲခူးခရိုင်တွင်ကျင်းပ

ပဲခူး မတ် ၃၁

ပဲခူးခရိုင် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်၉နာရီခွဲက ပဲခူးမြို့ ဆရာဝန်အသင်းခန်းမတွင် ကျင်းပရာ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထင်လင်းက ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏မိန့်ခွန်းကို ဖတ်ကြားသည်။ ထို့နောက် ပဲခူးတိုင်း တီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းအဖွဲ့မှ ခရိုင်အဖွဲ့ခေါင်းဆောင် ဒေါက်တာကျော်စိုးက တီဘီရောဂါအကြောင်း ရှင်းလင်း ပြောကြားကြောင်း သိရသည်။ **(က-ပ)**

သန်လျင်မြို့ဗဟို အခြေခံပညာ မူလတန်းလွန် ကျောင်း၏၂၀၀၄-၂၀၀၅ ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူ ပြီးမြောက်ခြင်း လက်မှတ် ပေးအပ်ပွဲ အခမ်းအနားကို နဝရတ်ခန်းမ၌ မတ် ၃၀ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းလှက စတုတ္ထတန်း (က) မှ မအေးသဉ္ဇာဇော်အား သင်ယူ ပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။ (က-ပ)

စိုက်ပျိုးရေးကဏ္ဍမြင့်မားတိုးတက်စေရေး နိုင်ငံတော်ကအခြေခံကောင်းများဖန်တီးပေးလျက်ရှိ နိုင်ငံ၏မြေဆီမြေဩဇာကောင်းများအသုံးပြုပြီး အထွက်ကောင်းစပါးမျိုးများ ရွေးချယ်စိုက်ပျိုး ဒေသခံတောင်သူများ တစ်ဧကအထွက်နှုန်းတိုးတက်ရေး လုံ့လဝီရိယစိုက်ထုတ်ကြိုးပမ်း

ရန်ကုန် ဇွန် ၂

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် နွေစပါးစံကွက်ရိတ်သိမ်းပွဲနှင့် စပါးပန်းတိုင် အထွက်နှုန်း အထူးဇုန်နည်းပညာလက်တွေ့ပြသပွဲကို ယနေ့နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မလစ်ကျေးရွာအနီးရှိ နွေစပါးပန်းတိုင် အထွက်နှုန်း အထူးဇုန်ဧက ၁၀၀၀ ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် အားပေး ကြည့်ရှုသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ တပ်နယ်မှူးများ၊ အမှတ်(၁) စစ်ဒေသမှူး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန် မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် နွေစပါးစံကွက် ရိတ်သိမ်းပွဲနှင့် စပါးပန်းတိုင် အထွက်နှုန်း အထူးဇုန် နည်းပညာလက်တွေ့ပြသပွဲတွင် ကြည့်ရှုအားပေးစဉ်။

(ရန်ကုန်တိုင်း)

နိုင်ငံတော်ကချမှတ်ထားသော မူဝါဒများနှင့်အညီ ရုပ်ရှင်လောကတိုးတက်ရေးညှိနှိုင်းအဖြေရှာ ရုပ်ရှင်လောက၏ပကတိအခြေအနေမှန်ပေါ် အခြေခံပြီး ပြည်သူ၏ခံစားချက်လေ့လာဆောင်ရွက် ပြည်ပရုပ်ရှင်ထိုးဖောက်မှုလျော့နည်းစေပြီး အဆင့်အတန်းမြင့်ဇာတ်ကားများပေါ်ထွက်ရေးကြိုးပမ်း

ရန်ကုန် ဇွန် ၂

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးခန်းမ၌ ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ✻

မော်လမြိုင်တက္ကသိုလ် တည်ဆောက်ရေး စီမံကိန်း

မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ တည် ဆောက်ရေးစီမံကိန်းလုပ်ငန်း ခွင်ကို ဧပြီ ၁ ရက်က တွေ့ရ စဉ်။

(သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

မြန်မာ့အလင်း **ခေါင်းကြီး၊ ဆောင်းပါးအညွှန်း**

❒ "နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဖိဖိစီးစီး ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော် တစ်ရပ်လုံးတည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားပြည်သူ အားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲပါဝင်ကြ၍ဖြစ်ပေသည်။"

ခေါင်းကြီး (စာ-၂)

❒ ကျွန်းစိုက်ခင်း တည်ထောင်လုပ်ကိုင်ခွင့် လျှောက် ထားသူများအနက် နယ်မြေခံဒေသသားကို ဦးစားပေး ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး လုပ်ကိုင်ခွင့်ပြုထားသော ကာလအတွင်း သားစဉ်မြေးဆက် အမွေဆက်ခံခွင့်ရရှိ မည်ဖြစ်သည်။

ဒေါက်တာ ညီညီကျော်(သစ်တောသုတေသန)၏ ဆောင်းပါး (စာ-၁၀)